ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (13-12-2015) (၈၄၁၃)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲကျင်းပ

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၂

**၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားပြီး အမျိုးသားစာပေ တစ်သက်တာဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။**

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုရစာပေပညာရှင်ကြီးများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မြန်မာ့စာပေယဉ်ကျေးမှု အနုပညာအဖြာဖြာသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ခဲ့ပြီး ယနေ့အထိရှင်သန်ဖွံ့ဖြိုးလျက်ရှိကြောင်း၊ မြန်မာစာဆိုတော်ကြီးများကလည်း စာကောင်းပေမွန်များကို အမြောက်အမြား ရေးသားဖွဲ့ဆိုခဲ့ပြီး မြန်မာစာပေကို အစဉ်အဆက် လက်ဆင့်ကမ်းပေးခဲ့ကြပါကြောင်း၊ စာပေသည် ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာများ၏ ပင်မဇာစ်မြစ်ဖြစ်သည့်အပြင် အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုအဖြာဖြာတို့ ပေါင်းဆုံရာနယ်ပယ်ကြီးဖြစ်သည်နှင့်အညီ "စာပေမြင့်မှ လူမျိုးမြင့်မည်"၊ "စာပေပျောက်ရင် လူမျိုးပျောက်မည်" ဟု ဆိုစမှတ်ပြုခဲ့ကြခြင်းဖြစ်ကြောင်း။

စာပေဟူသည် လူ့ဘောင်အဖွဲ့အစည်း၏ အယူအဆ သတ်မှတ်ချက်နှင့် တန်ဖိုးကို ထင်ဟပ်စေသည့် ကြားခံဖြစ်သည်ဟု ပြန်ဆိုကြပါကြောင်း၊ စာပေသမိုင်းနှင့် လူ့ဘောင်အဖွဲ့အစည်းသမိုင်းသည်လည်း ယှဉ်တွဲ၍နေပြီး အချင်းချင်းကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ရှိနေကြပါကြောင်း၊ လူ့ဘောင်အဖွဲ့အစည်းမရှိဘဲ စာပေအသက်ရှည်ရှိုး မရှိနိုင်သကဲ့သို့ စာပေမရှိသည့် လူ့ဘောင်အသိုင်းအဝိုင်းမှာလည်း ရေရှည်ဖွံ့ဖြိုးရှင်သန်နိုင်ရန် များစွာခက်ခဲမည်ဖြစ်ကြောင်း၊ စာပေကို လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ ဆုတ်ယုတ်စေရေးသာမက အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွစေရေးအတွက် ထိရောက်သည့် လှုံ့ဆော်မှုအဖြစ် အသုံးပြုနိုင်သည်ကို သိရှိလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းအတွင်း မမှန်မကန်လုပ်ဆောင်နိုင်သည့် ကမ္ဘာတစ်ဝန်း နိုင်ငံ့အကြီးအကဲများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရဝန်ထမ်းများ၊ ပြည်သူများ၏ တစ်ဖက်စောင်းနင်း လုပ်ဆောင်မှုများကိုလည်း သက်ဆိုင်သည့် စာရေးသူများက မီးမောင်းထိုးဝေဖန်ထောက်ပြနိုင်စွမ်းရှိသည်ကို အားလုံး သိရှိကြပြီး ဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးဦးဝင်းဖေ(မြဇင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် — ၁၃-၁၂-၂၀၁၅၊ တနင်္ဂနွေနေ့

# တာဝန်သိမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် စတုတ္ထမဏ္ဍိုင်ဟု ခေါ်ဆိုသော မီဒီယာကဏ္ဍသည် နိုင်ငံအတွက် အရေးကြီးသောမဏ္ဍိုင်ဖြစ်သည်။ နိုင်ငံတော်အစိုးရ နိုင်ငံ့တာဝန်စတင်တာဝန်ယူစဉ်အချိန်က အရေးကြီးသောမီဒီယာကဏ္ဍကို အလေးထားဦးစားပေးခဲ့သည်ကို မြင်တွေ့ရသည်။ ကျင့်ဝတ်နှင့်အညီ ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန်ထောက်ပြရေးသားသည့် စာနယ်ဇင်းများ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုခဲ့သည်။

တစ်ချိန်တည်းတွင် စာနယ်ဇင်းကောင်စီ(ယာယီ)ကိုဖွဲ့စည်းပြီး သတင်းမီဒီယာဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန် ဦးစားပေးအကောင်အထည်ဖော်ခဲ့သည်။ တစ်ဖက်တွင် ဒီမိုကရေစီနိုင်ငံတော်ကို သိမ်မွေ့ညင်သာစွာဖြင့် အသွင်ကူးပြောင်းနိုင်ရေးဆောင်ရွက်ရာတွင် သတင်းမီဒီယာများလွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကို ကျင့်သုံးသည့် ဂုဏ်သိက္ခာရှိသော မီဒီယာများဖြစ်ပေါ်လာစေရန် ဦးတည်ဆောင်ရွက်ခဲ့သည်။

ခေတ်နှင့်လျော်ညီသော သတင်းမီဒီယာဥပဒေကို ယမန်နှစ် မတ်လ ၁၄ ရက်နေ့တွင်လည်းကောင်း၊ နည်းဥပဒေကို ယခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင်လည်းကောင်း အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အဆိုပါ နည်းဥပဒေပါအတိုင်း သတင်းမီဒီယာကောင်စီဝင်များအား ရွေးချယ်တင်မြှောက်ခဲ့ပြီး ယမန်နေ့က နိုင်ငံတော်သမ္မတရှေ့မှောက်တွင် ကတိသစ္စာပြုခဲ့ကြသည်။

သတင်းမီဒီယာကောင်စီသည် ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်းအတွက် ဥပဒေအရဆောင်ရွက်ပေးနိုင်သော အခွင့်အာဏာရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု ဆိုထားသည်။ ထို့ကြောင့် နောင်ကာလတွင် မီဒီယာကဏ္ဍဆိုင်ရာ အငြင်းပွားမှုများ၊ ပြဿနာများ၊ ကျင့်ဝတ်ဖောက်ဖျက်မှုများ၊ ဥပဒေငြိစွန်းမှုများအထိ သတင်းမီဒီယာကောင်စီက စိစစ်ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခုလက်ရှိတွင် မီဒီယာများနှင့်ပတ်သက်၍ ဥပဒေငြိစွန်းမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်မှုများကြောင့် တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းနေရမှုများလည်းရှိသည်။ မီဒီယာဥပဒေချိုးဖောက်မှုရှိလာလျှင် ဥပဒေကြောင်းအရရင်ဆိုင်ရသောအခါ အခက်အခဲများစွာရှိနိုင်သည်။ အချိန်ကုန်၊ လူပန်းနှင့် မိမိတို့၏မီဒီယာလုပ်ငန်းခွင်များ ထိခိုက်မှုရှိနိုင်သည်။

ယခုအသစ်ပေါ်ထွန်းလာသော သတင်းမီဒီယာကောင်စီသည် အတည်ပြုထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေပါအတိုင်း ပြဿနာဖြေရှင်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။ တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာဖြင့် အများယုံကြည်မှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် တရားရုံးများတွင် ဖြေရှင်းရမည့်အစား သတင်းမီဒီယာကောင်စီတွင် ဖြေရှင်းကြခြင်းဖြင့် ပိုမိုလွယ်ကူချောမွေ့ ပြီးပြတ်လာမည်ဖြစ်သည်။

လွတ်လပ်ပြီး အမှီအခိုကင်းသည့် သတင်းမီဒီယာကောင်စီတွင် သတင်းမီဒီယာနှင့် သက်ဆိုင်သည့်နယ်ပယ်အသီးသီးမှ သမာသမတ်ကျမည့် လူပုဂ္ဂိုလ်များကို အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားရာ မီဒီယာအမှုအခင်းများနှင့်ပတ်သက်၍ တရားမျှတမှုရှိပေလိမ့်မည်။ မီဒီယာများကလည်း ယုံကြည်မှုအပြည့်အဝထား၍ မှန်ကန်သောအဆုံးအဖြတ်ကို ခံယူခြင်းဖြင့် မီဒီယာကဏ္ဍသစ် ဖြောင့်ဖြူးသာယာအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အမှုအခင်းနှင့်မပြေလည်မှုများ လုံးဝမရှိလျှင် အကောင်းဆုံးဖြစ်သည်။ သတင်းမီဒီယာကျင့်ဝတ်များ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်ကြံလုပ်ကိုင်သွားကြပါလျှင် မည်သည့်အမှုအခင်းမျှ ရှိလိမ့်မည်မဟုတ်ချေ။ သို့သော် မိမိတို့သည် သာမန်လူသားများဖြစ်ကြ၍ အမှားအယွင်းနှင့်ကင်းလွတ်နိုင်မည်မဟုတ်ချေ။ အမှားအယွင်းရှိခဲ့ပါလျှင် တောင်းပန်ခြင်း၊ ဖြေရှင်းခြင်းဖြင့် ပြေလည်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သတင်းမီဒီယာလုပ်ငန်းဟူသည် နိုင်ငံနှင့် ပြည်သူကို ကိုယ်စားပြုဆောင်ရွက်ရသဖြင့် တာဝန်ကြီးမားပြီး ကျယ်ပြန့်နက်ရှိုင်းပေသည်။ ထို့ကြောင့် သတင်းမီဒီယာလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု၊ ဘက်မလိုက်မှု၊ မျှတစွာဆောင်ရွက်မှုများကို အလေးထားလိုက်နာဆောင်ရွက်ကြမည်ဆိုပါက ခိုင်မာတောင့်တင်းသော စတုတ္ထမဏ္ဍိုင်အဖြစ် မြန်မာနိုင်ငံတွင် ဂုဏ်သိက္ခာရှိစွာ ဖြစ်ထွန်းနေမည်ဖြစ်သည်။ ။

# မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား ၂၀၂၀ ခုနှစ်အတွင်း ထိပ်တန်းအဆင့်နိုင်ငံအဖြစ်ခန့်မှန်း



**မန္တလေး ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ၏ လက်ရှိခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအား နိုင်ငံတကာမှ အသိအမှတ်ပြုမှုများစွာရရှိထားသည့်အပြင် ကမ္ဘာ့ခရီးသွားကောင်စီ (WTTC) မှလည်း ယခုတိုးတက်မှုအတိုင်း ဆက်လက်ထိန်းသိမ်းထားနိုင်ပါက နိုင်ငံပေါင်း ၁၈၀ တွင် ၂၀၂၀ ခုနှစ်တွင်းထိပ်တန်းအဆင့်နိုင်ငံအဖြစ် ရပ်တည်သွားနိုင်မည်ဟု ခန့်မှန်းထားကြောင်း ဒီဇင်ဘာ ၁၁ ရက်က မန္တလေးမြို့တွင် ကျင်းပသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းအမှတ်စဉ် (၃/၂၀၁၅)သင်တန်းဆင်းပွဲ၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က ပြောကြားခဲ့သည်။

လက်ရှိအစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် နိုင်ငံတကာမှ ဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၁ ခုနှစ်တွင် ရှစ်သိန်း၊ ၂၀၁၂ ခုနှစ်တွင် တစ်သန်းကျော်၊ ၂၀၁၃ ခုနှစ်တွင် နှစ်သန်းကျော်နှင့် ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်းအထိဖြစ်လာကာ ယခုနှစ် နိုဝင်ဘာလအထိ ၄ ဒသမ ၂ သန်းကျော်ဝင်ရောက်မှုရှိလာသဖြင့် ဌာန၏ ရည်မှန်းချက်ဖြစ်သော ၄ ဒသမ ၅ သန်းကို ကျော်လွန်သွားနိုင်မည်ဖြစ်သည်။ ဝင်ငွေအားဖြင့်လည်း ၂၀၁၅ ခုနှစ်တွင် နှစ်ဘီလီယံနီးပါးအထိ ရရှိလာနိုင်ကြောင်း ခန့်မှန်းထားသည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာလည်း ဟိုတယ်အလုံးရေ ၄၇ လုံးအထိရှိလာကာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂ ဒသမ ၆ ဘီလီယံအထိဖြစ်လာပြီး စင်ကာပူနှင့်ဗီယက်နမ်နိုင်ငံတို့မှ အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“နိုင်ငံတကာအသိအမှတ်ပြုမှုအနေနဲ့ Lonely planet magazine မှာ မြန်မာနိုင်ငံကို Best Tourists Destination AEC Country ဆိုပြီး အသိအမှတ်ပြုထားပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံထုတ် TTG Magazine ကလည်း ၂၀၁၅ ခုနှစ်အတွက် Destination of the Year Award အနေနဲ့ မြန်မာနိုင်ငံကို ရွေးချယ်ခြင်းခံထားရပါတယ်။ ဒီလိုခရီးသွားလုပ်ငန်းတွေ အဘက်ဘက်ကတိုးတက်လာတဲ့အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာအောင်လည်း ဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

“ဆက်လက်ပြီး ဒီလုပ်ငန်းတွေ တိုးတက်ကောင်းမွန်အောင် ခရီးသွားလာရေးဆိုင်ရာဥပဒေကို နိုင်ငံတကာပညာရှင်တွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး ရေးဆွဲနေတာ အခုဆိုလွှတ်တော်ကို တင်ပြထားတဲ့အဆင့်အထိရောက်ရှိနေပါပြီ။ ဒီဥပဒေအသက်ဝင်လာရင် ဗဟိုချုပ်ကိုင်မှုတွေလျော့ကျလာပြီး ဖြေလျှော့မှုတွေ ပိုမိုလုပ်လာနိုင်တော့မှာဖြစ်တဲ့အတွက် တိုင်းဒေသကြီးအစိုးရတွေအနေနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေ ပိုမိုလွယ်ကူအဆင်ပြေလာတော့မှာဖြစ်ပါတယ်”ဟု ဦးရည်မွန်ကဆိုသည်။

နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဟိုတယ်များမှာလည်း တိုးတက်များပြားစွာဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် ဟိုတယ်အလုံးပေါင်း ၈၀၀ ကျော်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အလုံးပေါင်း ၁၂၅၇ လုံးအထိရှိလာပြီး အခန်းပေါင်း ၄၃၀၀၀ ကျော်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

မန္တလေးမြို့တွင်လည်း လက်ရှိတွင် ဟိုတယ်အလုံးပေါင်း ၁၆၇ လုံးနှင့် အခန်းပေါင်း ၆၇၃၀ အထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ Tour Company အနေဖြင့်လည်း ယခင်က ၁၀၀၀ ပင်မပြည့်ခဲ့သော်လည်း ယခုအခါ ၂၀၀၀ နီးပါးအထိရှိလာကြောင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ Master Plan တွင် ခန့်မှန်းချက်အရ ၂၀၂၀ ခုနှစ်တွင် ဧည့်သည်ဝင်ရောက်မှုအား ၇ ဒသမ ၅ သန်းအထိ ခန့်မှန်းထားသော်လည်း လက်ရှိဝင်ရောက်မှုနှင့် နိုင်ငံရေးတည်ငြိမ်မှုများအရ ခန့်မှန်းထားသည်ထက် ပိုမိုစောစီးစွာ ရည်မှန်းချက်ပြည့်မီလာနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေးမြို့တွင် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာမြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ထိုင်းနိုင်ငံဘန်ကောက်မြို့ Future Asia Connect Co., Ltd. တို့ပူးပေါင်း၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာမြန်မာ့ကျောက်မျက်ရတနာ ပြပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း၊ (၃၃)လမ်းနှင့် (၃၄)လမ်းကြားရှိ ဒိုင်းမွန်းပလာဇာ Tower-A Level-5 တွင် ကျင်းပခဲ့သည်။



စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာမြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ အီတလီ၊ ပြင်သစ်နိုင်ငံများမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များက အဆင့်မြင့်ကျောက်မျက်ရတနာများ၊ ခေတ်မီလှပ ဆန်းသစ်သောလက်ဝတ်ရတနာ ဒီဇိုင်းများကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအထိ ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

ပြပွဲလာရောက်သူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မန္တလေး-ဘန်ကောက်- မန္တလေးအသွားအပြန် လေယာဉ်လက်မှတ် နှစ်စောင် မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

**စာပေမြင့်မှ လူမျိုးတင့်မည်**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဖေယျာဝင်း(ဖိုးမွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းတွင် မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းမှ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော MS Seabourn Sojourn မှ သင်္ဘောကပ္ပတိန်နှင့် ခရီးသည်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း၌ တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ သင်္ဘောသည် ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်မြောက် ရောက်ရှိလာခြင်းဖြစ်ပြီး ခရီးသည် ၄၅၀ နှင့် သင်္ဘောအမှုထမ်း ၃၃၀ ပါဝင်သည်။ ခရီးသည်အများစုမှာ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှဖြစ်ပြီး ပုဂံ၊ မန္တလေး၊ ပဲခူး၊ သန်လျင်နှင့် ရန်ကုန်မြို့တစ်ဝိုက် လည်ပတ်ပြီး ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၃၁)လမ်းထောင့်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ကျင်းပသော ဧည့်လမ်းညွှန် မွမ်းမံသင်တန်း အမှတ်စဉ်(၇) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အမှုဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအတွက် အသက်မွေးမှုပညာရပ်များနှင့် နိုင်ငံ့ဝန်ထမ်းများ ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရပ်များ တတ်မြောက်စေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဂျပန်နိုင်ငံ၏ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Bridge Asia Japan(BAJ)နှင့် ပူးပေါင်းပြီး ကရင်ပြည်နယ် ဘားအံမြို့၌ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကျောင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ခြောက်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကျော်အကုန်အကျခံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအခြေအနေတွင် ယင်းသင်တန်းကျောင်း၌ စာသင်ခန်း၊ ကျောင်းသားအိပ်ဆောင်၊ အုပ်ချုပ်မှုရုံး၊ ရေချိုးခန်း၊ အိမ်သာ၊ စက်ပြင်အလုပ်ရုံ၊ ဂဟေနှင့် လျှပ်စစ်အလုပ်ရုံ၊ မီးစက်ခန်းအဆောက်အအုံတို့ကို ဆောက်လုပ်ထားရှိပြီး ၂၀၁၄ မှ ၂၀၁၅ ခုနှစ်အတွင်း အဆင့်မြင့်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဂဟေသင်တန်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသားဦးရေ ၃၁၉ ဦးတို့ကို သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းများတွင် နယ်စပ်ဒေသများမှ ပညာသင်ကြားခွင့်မရသော တိုင်းရင်းသားလူငယ်များအား နည်းပညာပံ့ပိုးရန်၊ သင်တန်းဆင်း တိုင်းရင်းသားလူငယ်များအနေဖြင့် သင်ကြားသောပညာရပ်များကို အသုံးပြု၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် နည်းပညာများ ဖွံ့ဖြိုးလာစေရန်၊ ဂျပန်နိုင်ငံ Bridge Asia Japan (BAJ)အဖွဲ့မှ ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သော ပညာရှင်များ၏ ကြီးကြပ်မှုအောက်တွင် လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းစွမ်းရည်များ တိုးတက်လာစေရန်အပါအဝင် ရည်ရွယ်ချက် ခြောက်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်တန်းကျောင်းဆင်း တိုင်းရင်းသားလူငယ်များအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများနှင့် အစိုးရဌာနများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိကြသည်။

ထို့ပြင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Nippon Foundation တို့ ပူးပေါင်းပြီး ပြည်နယ် ခုနစ်ခုတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ထမ်းဆောင်နေကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းနှင့် အဆင့်မြင့်အရာရှိများ စွမ်းရည်မြှင့်သင်တန်းများကိုလည်း ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းဒေသများအဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ မွန်၊ ရှမ်းပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို သတ်မှတ်ထားရှိသည်။

အဆိုပါ ပြည်နယ်အစိုးရများ၌ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ထမ်းဆောင်နေကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တစ်နှစ်လျှင် နှစ်ကြိမ် သင်တန်းများဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပထမအကြိမ် ခေါင်းဆောင်မှုစွမ်းရည် တိုးမြှင့်ရေးသင်တန်းကို ရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ပြည်နယ် ခုနစ်ခုရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်း ၇၀ ကိုလည်းကောင်း၊ ဒုတိယအကြိမ် သင်တန်းကို ပြည်နယ် ခုနစ်ခုရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ဝန်ထမ်း ၇၄ ဦးကိုလည်းကောင်း၊ အဆင့်မြင့်အရာရှိ ၁၅ ဦးကို နယ်စပ်ရေးရာဝန်ကြီးဌာန၌လည်းကောင်း သင်ကြားပို့ချပေးခဲ့ပြီး အဆိုပါ သင်တန်းသားများမှ ၇၅ ဦးကို စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး စေလွှတ်ပေးခဲ့သည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် British Council တို့ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ ဆရာ ဆရာမများအား အင်္ဂလိပ်စာ 4 Skills ကို ကျွမ်းကျင်စွာ သိရှိနားလည်စေရန်၊ ခေတ်မီသင်ပြနည်းနှင့် သင်ထောက်ကူပစ္စည်းများကို သိရှိအသုံးပြုတတ်စေရန်၊ နိုင်ငံတကာပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် သက်ဆိုင်ရာဘာသာရပ် သင်ကြားရေး၌ ထိရောက်စွာ အသုံးချတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အင်္ဂလိပ်စာ စွမ်းရည်မြှင့်မားစေရန် English for Education College Trainers (EFECT) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအချိန်အထိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမ ၆၁ ဦးအား သင်တန်းဖွင့်လှစ် ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်(သတင်းအဖွဲ့)**



**နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)တွင် သင်တန်းသားများ လက်တွေ့လုပ်ဆောင်နေစဉ်။** (သတင်းစဉ်)

# ကြက်သွန်နီဈေးကွက်အား ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းဈေးနှုန်းမြင့်တက်မှုကို ကာကွယ်နိုင်

**မန္တလေး ဒီဇင်ဘာ ၁၂**

ပြည်တွင်းတွင် အဓိကစားသောက်ကုန်ပစ္စည်းမဟုတ်သော ကြက်သွန်နီအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြင့် အထွက်နှုန်းကောင်းလာကာ ပြည်တွင်းဈေးနှုန်းမြင့်တက်ခြင်းကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း ကြက်သွန်စိုက်တောင်သူများက အကြံပြုပြောကြားသည်။

ကြက်သွန်နီစိုက်ပျိုးမှုသည် လွန်ခဲ့သော ရှစ်နှစ်တာကာလကတည်းက နှစ်စဉ်အရှုံးနှင့် ရင်ဆိုင်နေရသဖြင့် တစ်နှစ်ထက်တစ်နှစ်စိုက်ပျိုးမှုလျော့နည်းလာပြီး အထွက်နှုန်းလည်းကျဆင်းလာကာ ပြည်တွင်းစားသုံးရန်ပြတ်လပ်မှုအထိဖြစ်ပေါ်၍ ဈေးနှုန်းလည်း မြင့်မားလာခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာရှိ မြေနုကျွန်းများတွင် စိုက်ပျိုးကြသည့် တောင်သူများက ပြောသည်။

“ကြက်သွန်စိုက်ရတာ ကုန်ကျစရိတ်များပါတယ်။ စစိုက်ဖို့အတွက် ပထမနှစ်မှာ မျိုးစေ့ဖြစ်အောင်စိုက်ရတယ်။ ဒုတိယနှစ်မှာ ဒီမျိုးကို ဥဖြစ်အောင်စိုက်ပြီး တတိယနှစ်မှာ ဒီဥတွေကိုထပ်မံစိုက်ပျိုးမှ စားသုံးလို့ရတဲ့ကြက်သွန်အဖြစ် ရောင်းချလို့ရတာ ဖြစ်ပါတယ်။ ကြက်သွန်တစ်ပိဿာကို စိုက်ပျိုးစရိတ်က ကျပ် ၉၀၀ လောက်ကုန်ကျတဲ့အတွက် ဈေးကွက်မှာ တစ်ပိဿာကို ကျပ် ၁၀၀၀ ကျော်ရောက်မှ စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်ခိုင်မာပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်အောင် စီစဉ်ပေးစေချင်ပါတယ်”ဟု ပခန်းငယ်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးကျော်မြင့်က ပြောသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသောကြက်သွန်နီမှာ အခွန်ပါးပြီးမွှန်အားကောင်းသဖြင့် စားသုံးပါက အရသာပြည့်စုံသည့်အတွက် နိုင်ငံတကာနှင့်ယှဉ်၍ ဈေးကွက်ထိုးဖောက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကြက်သွန်နီကို မိုးနှောင်းကာလဖြစ်သော မြစ်ရေကျချိန် မြေနုကျွန်းများပေါ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလဆန်းတွင်သာ စိုက်ပျိုးကြ၍ ဒီဇင်ဘာလဆန်းမှစပြီး ကြက်သွန်နီအသစ်များ စတင်ထွက်ပေါ်လေ့ရှိသည်။

ယခင်လများက တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ကျော်အထိ မြင့်တက်ခဲ့သော ကြက်သွန်နီဈေးကွက်မှာ ယခုလဆန်းမှစ၍ ကြက်သွန်နီအသစ်များ ထွက်ပေါ်လာသဖြင့် တစ်ပိဿာလျှင် ကျပ် ၈၀၀ အထိ ကျဆင်းခဲ့သော်လည်း ယခု ဒီဇင်ဘာ ၁၀ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၁၄၀၀ နှုန်းအထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂျပန်ဝန်ကြီးချုပ်၏ အိန္ဒိယခရီးစဉ်အတွင်း သဘောတူညီချက်လေးရပ် လက်မှတ်ရေးထိုး



နယူးဒေလီ ဒီဇင်ဘာ ၁၂

**အိန္ဒိယနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ကျည်ဆန်ရထားတည်ဆောက်ရေး၊ အရပ်ဘက်သုံး အဏုမြူစွမ်းအင်ထုတ်လုပ်ရေး၊ စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေး၊ ကာကွယ်ရေးဆိုင်ရာ ယာဉ်နှင့်ကိရိယာများ ရောင်းချရေးနှင့် နည်းပညာများပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ်လေးခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

အိန္ဒိယနိုင်ငံသို့ နှစ်ရက်တာ တရားဝင်ခရီးစဉ်အဖြစ်ရောက်ရှိနေသည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာ မိုဒီတို့သည် ဒီဇင်ဘာ ၁၂ ရက်တွင် နယူးဒေလီမြို့၌ ထိပ်သီးဆွေးနွေးပွဲကိုကျင်းပခဲ့ပြီးနောက် အဆိုပါသဘောတူညီမှုများအား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ပါဝင်

သဘောတူညီမှုများအရ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့နှင့် အနောက်ပိုင်းပြည်နယ်ဖြစ်သည့် ဂူဂျာရတ်ပြည်နယ် မြို့တော်အမီဒါဘတ်အကြား ဆက်သွယ်ခုတ်မောင်းမည့် မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းအတွက် ဂျပန်နိုင်ငံက အမေရိကန် ဒေါ်လာ ၁၂ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုလည်း ပါဝင်သည်။

အိန္ဒိယနှင့် ဂျပန်နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ သဘောတူညီမှုနှစ်ခု ပါဝင်ပြီး ယင်းတို့မှာ အိန္ဒိယနှင့်ဂျပန်နိုင်ငံအကြား ကာကွယ်ရေး လုပ်ငန်းဆိုင်ရာ နည်းပညာများ မျှဝေရေး၊ စစ်လက်နက်ပစ္စည်းများနှင့် သတင်းအချက်အလက်များ မျှဝေရေးတို့ ပါဝင်သည်။ ယင်းအပြင် အိန္ဒိယနှင့် ဂျပန်နှစ်နိုင်ငံအကြား အရပ်ဘက်သုံး အဏုမြူစွမ်းအင်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်သည်။

**ဆင်ဟွာ။**

## အာဖဂန်တွင် တာလီဘန်စစ်သွေးကြွ ၁၀ ဦး လက်နက်ချ

**ဖစ်ဇ်ဘတ် (အာဖဂန်နစ္စတန်) ဒီဇင်ဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒတ်ရှန်ပြည်နယ်၌ တာလီဘန် စစ်သွေးကြွ ၁၀ ဦးက အကြမ်းဖက်တိုက်ခိုက်မှုများ စွန့်လွှတ်ကာ ပြည်နယ်အာဏာပိုင်များထံ ဒီဇင်ဘာ ၁၂ ရက်တွင် လက်နက်ချ အလင်းဝင်ရောက်လာကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားကြသည်။

မူလာဟာဖစ်ဇူလာ ကြီးကြပ်ကွပ်ကဲသော အုပ်စုမှ တာလီဘန် တိုက်ခိုက်ရေးသမား ၁၀ ဦးသည် ရန်သတ္တရုပြုမှုကို ရှုတ်ချပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် ပါဝင်လိုသည်ဟုဆိုကာ အလင်းဝင်ရောက်လာခဲ့ကြကြောင်း ပြည်နယ်ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ အဗ္ဗဒူဝါဟစ်တာဟီဘီက ပြောကြားသည်။

သူပုန်ဟောင်းများအနေဖြင့် ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းနိုင်မည်ဖြစ်သည့်အပြင် ၎င်းတို့အနေဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် မိမိတို့ ကူညီပေးမည်ဖြစ်ကြောင်း ဝါဟစ်က ပြောကြားသည်။

**ဆင်ဟွာ။**





# ဥရောပသမဂ္ဂနိုင်ငံများ၌ ခိုလှုံခွင့်တောင်းခံသူ နှစ်ဆတိုးလာ

ဘရပ်ဆယ် ဒီဇင်ဘာ ၁၂

ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်နိုင်ငံများ၌ ၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကာလတွင် ခိုလှုံခွင့်တောင်းခံသူ ၄၁၃၈၀၀ထိ ရှိခဲ့ကြောင်း၊ ယင်းမှာယခုနှစ် ဒုတိယသုံးလပတ်ကာလ ခိုလှုံခွင့်တောင်းခံသူဦးရေထက် နှစ်ဆနီးပါးပိုမိုများပြားလာကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ယခုနှစ် တတိယသုံးလပတ်ကာလအတွင်း ခိုလှုံခွင့်တောင်းခံသူ သုံးဦးလျှင် တစ်ဦးမှာ ဆီးရီးယားနိုင်ငံမှဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံသားများ၊ အီရတ်နိုင်ငံသားများနှင့် အာဖဂန်နိုင်ငံသားများသည် အီးယူအဖွဲ့ဝင်နိုင်ငံများ၌ ပထမဆုံးအကြိမ် ခိုလှုံခွင့်လျှောက်ထားသူများ အနက် အရေအတွက်အများဆုံးဖြစ်ကြောင်း အီးယူစာရင်းအင်းရုံး၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဆီးရီးယားနှင့်အီရတ်စစ်ပြေးဒုက္ခသည်များအနေဖြင့် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှုရယူရန် ပိုမိုကြိုးပမ်းလာကြသည်။

ယခုနှစ် တတိယသုံးလပတ်ကာလအတွင်း ဂျာမနီ၊ ဟန်ဂေရီ၊ ဆွီဒင်၊ အီတလီနှင့် ဩစတြီးယားတို့သည် အခြေစိုက်နေထိုင်ခွင့်ရရှိရန် ခိုလှုံခွင့်တောင်းခံသူများ အဓိကဦးတည်သည့်နိုင်ငံများ ဖြစ်ကြကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**

## ကမ္ဘာစစ်ကာလ ကိုရီးယားအမျိုးသမီးများ လိင်ကျေးကျွန်ပြုခံရမှု တောင်ကိုရီးယားနှင့် ဂျပန် ဆွေးနွေးပွဲ ပြုလုပ်မည်

**ဆိုးလ် ဒီဇင်ဘာ ၁၂**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ကိုရီးယားအမျိုးသမီးတို့ကို လိင်ကျေးကျွန်အဖြစ် စေခိုင်းခဲ့ခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လျက်ရှိသော သမိုင်းနောက်ခံ အရှုပ်အထွေးများကို ဖြေရှင်းနိုင်ရန် တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့မှ အထက်တန်းတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

လိင်ကျေးကျွန်အဖြစ်စေခိုင်းခြင်းခံခဲ့ရသူများနှင့် ပတ်သက်နေသော ပြဿနာကိုဆွေးနွေးလာခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်သည်။ (၁၁) ကြိမ်မြောက်ဆွေးနွေးပွဲသို့ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်တက်ရောက်ကြမည် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်ဖွဲ့ဝင်များအတွက် ဆောင်ကြာမြိုင်အခန်းများကို သီးသန့်ဖွင့်လှစ်ပေးခဲ့ပြီး ကိုရီးယားအမျိုးသမီးများကို အတင်းအဓမ္မစေခိုင်းခဲ့သည်။ ဆောင်ကြာမြိုင်များအရေးဆွေးနွေးပွဲကို ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆောင်ကြာမြိုင်များအရေးနှစ်နိုင်ငံဆွေးနွေးပွဲကို အမြန်ဆုံးကျင်းပသွားရန် တောင်ကိုရီးယားသမ္မတ ပါ့ခ်ဂွန်ဟေးနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ လွန်ခဲ့သည့်လက သဘောတူညီခဲ့ကြပြီးနောက် နှစ်နိုင်ငံအထက်တန်းတာဝန်ရှိသူများ၏တွေ့ဆုံဆွေးနွေးပွဲကို စီစဉ်ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

## နိုင်ငံတော်အလံသစ်နှင့်ပတ်သက်၍ နယူးဇီလန်၌ ဆန္ဒခံယူ

**ဝယ်လင်တန် ဒီဇင်ဘာ ၁၂**

နယူးဇီလန်နိုင်ငံ၌ နိုင်ငံတော်အလံသစ် အသုံးပြုလိုခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် ပြည်သူ့ဆန္ဒခံယူပွဲကို အဆင့်နှစ်ဆင့်ခွဲကာ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့် ပြည်သူ့ဆန္ဒခံယူပွဲကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့ကြောင်း၊ သို့ရာတွင် ပြည်သူအများအပြားမှာ နိုင်ငံတော်အလံအသစ်ပြောင်းလဲရန် စိတ်အားထက်သန်မှုမရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နယူးဇီလန်နိုင်ငံ၏ လက်ရှိအလံတော်မှာ ထောင့်ချွန်တွင် ဗြိတိန်ယူနီယံဂျက်အလံပါရှိပြီး တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း နိုင်ငံတည်ရှိမှုကို အမှတ်သင်္ကေတပြုလျက် ကြယ်နီလေးလုံးပါရှိသည်။

လက်ရှိနိုင်ငံတော်အလံသည် ဗြိတိသျှ ကိုလိုနီနယ်မြေအဖြစ် နိုင်ငံ့သမိုင်းပုံရိပ်ကို ဖော်ကျူးနေပြီး ဩစတြေးလျနိုင်ငံတော်အလံနှင့် အလွန်အမင်း ဆင်ဆင်တူနေသဖြင့် နိုင်ငံတော်အလံ ဒီဇိုင်းပုံစံသစ်ရေးဆွဲရန် လိုအပ်ကြောင်း နိုင်ငံတော်အလံဒီဇိုင်းပုံစံပြောင်းလဲရေးဘက်မှ ထောက်ခံသူများက ပြောကြားကြသည်။

နယူးဇီလန်ကျွန်းသားများသည် သမိုင်းတစ်လျှောက် စစ်ပွဲများအများအပြားကို ဆင်နွှဲခဲ့ကြရပြီး လက်ရှိအလံတော်အောက်တွင် ကျဆုံးသူအများအပြားရှိခဲ့ခြင်းကြောင့် သမိုင်းဝင်အလံတော်၏ဒီဇိုင်းပုံစံကို ပြင်ဆင်ပြောင်းလဲခြင်းမပြုသင့်ဟု ပြည်သူအများအပြားက ရှုမြင်ကြသည်။

**ရိုက်တာ**



# ဂျီတီအိုင် နှစ်(၁၂၀)ပြည့်အထိမ်းအမှတ် အမွေအနှစ်စာရင်းဝင်ကမ္ပည်းပြား တပ်ဆင်

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

ဂျီတီအိုင် ပညာရေးခရီး နှစ်(၁၂၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အင်းစိန်ဂျီတီအိုင်ကျောင်း၌ ကျင်းပရာ ရှေးဦးစွာ အေဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးငြိမ်းမောင်က ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်း များက အခမ်းအနားမှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နှစ်(၁၂၀)ပြည့် ကမ္ပည်းကျောက်စာတိုင် ဖွင့်လှစ်ခြင်းနှင့် ၁၉၀၈ ခုနှစ်က တည်ဆောက်ခဲ့ပြီး သက်တမ်း(၁၀၈)နှစ် ပြည့်မြောက်ပြီးဖြစ်သော အင်းစိန် ဂျီတီအိုင် ပင်မကျောင်းဆောင်ကို ရန်ကုန်မြို့ပြအဆောက်အအုံ အမွေအနှစ်စာရင်းဝင် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းတို့အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာသန်းဦးနှင့် အေဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးငြိမ်းမောင်တို့က ဆောင်ရွက်ခဲ့ကြသည်။

ဂျီတီအိုင် ပညာရေးခရီး နှစ်(၁၂၀)ပြည့်နှင့် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ အင်းစိန်ဂျီတီအိုင် ကျောင်းဝင်းအတွင်းရှိ အားကစားကွင်း၌ ဆောင်ရွက်ခဲ့ပြီး ဂျီတီအိုင်ကျောင်း ၁၂ ကျောင်းအပါအဝင် ခင်းကျင်းပြသထားသည့်ပြခန်းများတွင် ကြည့်ရှုလေ့လာကြသူ ပြည်သူများနှင့် အထူးစည်ကားလျက်ရှိကြောင်းနှင့် ညပိုင်းတွင် အထူးညစာစားပွဲကျင်းပ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ပညာရေး)**

# တိုင်းရင်းသားမီဒီယာများ ရပ်တည်ဖွံ့ဖြိုးနိုင်ရေး ညှိနှိုင်းဆွေးနွေး



**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီ၊ BNI သတင်းဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ် ရန်ကုန် ခန်းမ၌ကျင်းပခဲ့သည်။**(ယာပုံ)**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ယခုတွေ့ဆုံမှုမှာ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ကို အောက်တိုဘာ ၁၃ ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစည်းအဝေး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လှုပ်ရှားရုန်းကန်နေကြသော တိုင်းရင်းသားမီဒီယာများအား ရေရှည်ရပ်တည်ဖွံ့ဖြိုးနိုင်ရေးအတွက် မည်သို့ထောက်ပံ့ပေးနိုင်မည် ဆိုသည့်အချက်ကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ ထောက်ပံ့သည်ဆိုရာတွင်လည်း တိုင်းရင်းသားမီဒီယာများ၏ အယ်ဒီတာလွတ်လပ်ခွင့်ကို လွှမ်းမိုးချုပ်ကိုင်မှု လုံးဝမပါဝင်သော ရိုးရှင်းပွင့်လင်းမြင်သာသည့် ထောက်ပံ့မှုမျိုးဖြစ်စေရန် မည်သို့ဆောင်ရွက်သင့်သည်ကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့နောက် အခြေခံမူနှင့် စံအချက်အချို့ ညှိနှိုင်းရရှိခဲ့ပြီး ဆက်လက်၍ မည်သို့ဆက်လက် ဆောင်ရွက်သင့်သည်ကို ယခုအစည်းအဝေး၌ ထပ်မံညှိနှိုင်းရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ယခုကဲ့သို့ ထောက်ပံ့မည့်လုပ်ငန်းဆောင်ရွက်နိုင်ရန် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အကြမ်းဖျင်းအားဖြင့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေအချို့ လျာထားပြီးဖြစ်ပါကြောင်း၊ သတင်းဖော်ပြမှုအပိုင်းအနေဖြင့် မည်သို့ထောက်ပံ့ပေးခြင်းအားဖြင့် အားလုံးအတွက် လက်တွေ့အဆင်ပြေနိုင်မည်ကို နည်းလမ်းရှာဖွေပေးကြစေလိုကြောင်း၊ ထောက်ပံ့ပေးသည့် မီဒီယာများကိုလည်း သတ်မှတ်ထားသောအခြေခံမူနှင့် စံအချက်များဖြင့် ရွေးချယ်မည်ဖြစ်ပြီး ကနဦး၌ တိုင်းရင်းသားမီဒီယာ ၁၀ ခုခန့်ကို စတင်ထောက်ပံ့ပေးရန် လျာထားပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီအဖွဲ့ဝင် ဦးအောင်ရှင်(မုံရွာအောင်ရှင်)က ယခုကဲ့သို့ တိုင်းရင်းသားမီဒီယာများ ရေရှည်ရပ်တည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ထောက်ပံ့ပေးမည့်အစီအစဉ်မှာ အလွန်ကောင်းမွန်ပါကြောင်း၊ တိုင်းရင်းသားမီဒီယာများအနေဖြင့် အသေးစိတ်ပြန်လည်ချပြညှိနှိုင်းပြီး သတ်မှတ်ကာလတစ်ခုအတွင်း၌ ပြန်လည်အစည်းအဝေးခေါ်ယူ တွေ့ဆုံသွားသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မဇ္ဈိမသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးစိုးမြင့်က တိုင်းရင်းသားမီဒီယာများနှင့် လတ်တလော အကူအညီပေး ဆောင်ရွက်နေသော အခြေအနေများကို ရှင်းလင်းပြောကြားပြီး BNI အဖွဲ့မှ အမှုဆောင် ဒါရိုက်တာ ဒေါ်နန်းဖောဂေးနှင့် ဦးဇင်လင်းတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုင်းရင်းသားမီဒီယာများ၏ ရှင်သန်ရပ်တည်နေမှုအခြေအနေများကို အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

တိုင်းရင်းသားများနှင့် ရှင်းလင်းချပြဆွေးနွေးပြီး ရရှိလာမည့် အသေးစိတ်အခြေအနေများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အသေးစိတ်ထပ်မံဆွေးနွေးရန် သတ်မှတ်ပြီး ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် အပြီးသတ်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■




# ထိုင်းဘုရင်မင်းမြတ် မွေးနေ့အထိမ်းအမှတ် စက်ဘီးစီးပွဲကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ ကြီးမှူးကျင်းပသော ထိုင်းဘုရင်မင်းမြတ်၏ (၈၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် “Bike for Dad” စက်ဘီးစီးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာနိုင်ငံရောက် ထိုင်းနိုင်ငံသား စက်ဘီးစီးသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ပြီး စက်ဘီးစီးသမားများ စတင်တာထွက်သည်ကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ဘီးစီးပွဲကို စုရပ်မှ ပြည်သူ့ရင်ပြင်အတိုင်း ရေပန်းအဝိုင်းကိုဖြတ်၍ မြန်မာယဉ်ကျေးမှုစင်တာ၊ ၎င်းမှ တစ်ဆင့် ရင်ပြင်အတွင်းလမ်း အတိုင်း၊ ၎င်းမှ ပြည်လမ်းနှင့်အပြိုင် ဝါးရွှေဝါလမ်း၊ ၎င်းမှ Yangon Gallery လမ်းကြောင်းအတိုင်း ကြိုးတံတား အနီးစုရပ်သို့ စီးနင်းကြသည်။

ယင်းစက်ဘီးစီးပွဲကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ မိသားစုဝင်များ၊ မြန်မာ နိုင်ငံရောက် ထိုင်းနိုင်ငံဖွားစီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများအပါအဝင် စက်ဘီးစီးနင်းသူ ၂၀၀ ကျော်ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ ယင်းစက်ဘီးစီးပွဲကို နိုင်ငံပေါင်း ၈၀ တွင် တစ်ပြိုင်နက်တည်းကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖာပွန်၌ DVB – T2 Set Top Box များပေးအပ်

**ဖာပွန်  ဒီဇင်ဘာ  ၁၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E)ရှိသော အိမ်ထောင်စုများအတွက် ရုပ်သံလိုင်းကြည့်ရှုနိုင်ရန်အတွက် DVB-T2 Set Top Box ပေးအပ်ပွဲကို ဒီဇင်ဘာ ၈ ရက်က ဖာပွန်မြို့ ယွန်းစလင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

ကရင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E)ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box ၃၉၂၄ လုံးကို ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းခဲ့ရာ ဖာပွန်ခရိုင်အတွက် ၄၈၉ လုံးကို ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက ရုပ်သံဖမ်းစက် တပ်ဆင်အသုံးပြုပုံများကို ရှင်းလင်းပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်တို့က တက်ရောက်လာကြသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **သိန်းစိုးမြင့်(ပြန်/ဆက်)**

# Online Diploma in Law ဘွဲ့လက်မှတ်ပေးအပ်

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

ရန်ကုန်အဝေးသင်တက္ကသိုလ် (၁၅၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် Online Diploma in Law ၅/၂၀၁၄ ဘွဲ့ရရှိသူ ၃၁ ဦး၊ ဥပဒေဘွဲ့(ဥပဒေပညာအထူးပြု)ရရှိသူ နိုင်ငံခြားဌာနခွဲမှ တစ်ဦး၊ ဒဂုံဌာနခွဲမှ ၃၆၁ ဦး၊ မော်လမြိုင်ဌာနခွဲမှ ၈၁ ဦး၊ ပုသိမ်ဌာနခွဲမှ ၁၉၄ ဦး၊ ဘားအံဌာနခွဲမှ ခုနစ်ဦး၊ ပြည်ဌာနခွဲမှ ၈၃ ဦး စုစုပေါင်း ၇၅၈ ဦးကို အချိန်ခွဲ၍ ကျင်းပပေးသွားမည်ဖြစ်ရာ Online Diploma in Law ၅/၂၀၁၄ ဘွဲ့ရရှိ ၃၁ ဦးအနက် ပထမရရှိသူ အဝေးသင်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသဇင်လွင်အား အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်က ဘွဲ့လက်မှတ်ပေးအပ်သည်။**(ယာပုံ)**



ယနေ့ (၁၅၂) ကြိမ်မြောက် ဘွဲ့ရသူများ အပါအဝင် နိုင်ငံအတွင်း အဝေးသင်ဘွဲ့ရ ဦးရေ ၁ ဒသမ ၂ သန်း မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(စောသိန်းဝင်း)**


# ဒေသဆိုင်ရာ သတင်းထောက်အဖြစ်လုပ်ကိုင်ရန်အတွက် ဆက်သွယ်နိုင်

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ကြေးမုံသတင်းစာတွင် ဒေသဆိုင်ရာသတင်းထောက်အဖြစ် လုပ်ကိုင်နိုင်ရန်အတွက် လက်ရှိလုပ်ကိုင်နေသော မြို့နယ်သတင်းထောက်များအပြင် သတင်းထောက်အသစ်များပါ ပြန်လည် ဖွဲ့စည်းသွားမည်ဖြစ်ရာ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

(၁) ကြေးမုံသတင်းစာတိုက်(ရန်ကုန်) အမှတ်(၇၇)၊ မဟာဗန္ဓုလလမ်းနှင့် (၅၂)လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၂၈၃၂၊ themirror.npt@gmail.com
(၂) ကြေးမုံသတင်းစာတိုက်(နေပြည်တော်) ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၀၆၇- ၃၆၁၂၈၊ themirror.npt@gmail.com

# ပြည်သူချစ်သော အနုပညာ

ယောနကဘိုးထောင်

> **လူချွန်လူကောင်းကို စာပေပြဒါးတိုင်နှင့်တိုင်းတာလျှင် သုတစာပေနှင့် ရသစာပေအသွင် ဆင်တူပေလိမ့်မည်ထင်ပါတယ်။ လူချွန်ကို စာပေဘဏ်တိုက်အဖွင့်တွင် သုတစာပေအုပ်စုဖြင့် အသွင်ရုပ်သဏ္ဍာန် ထပ်တူပြုနိုင်ပါတယ်။**
>
> **လူကောင်းမှာ စာပေဂန္ထဝင်နှင့် စံတင်ရလျှင် ရသစာပေအုပ်စုတွင် မျိုးနွယ်စု ထပ်တူကျပေလိမ့်မယ်လို့ မြင်ပါတယ်။**

ဆရာမကြီးလူထုဒေါ်အမာနှစ် (၁၀၀) ပြည့်ပွဲကြီး ခြိမ့်ခြိမ့်သဲအောင်မြင်စွာ ပြီးဆုံးသွားပြီ။ အဝေးရန်ကုန်မြေက စာပေသာခုခေါ်လိုက်ရပါတယ်။ ဆရာမကြီး လူသာသေသွားသော်လည်း နာမည်က နှစ်တစ်ထောင်အထိ စာပေကောင်းကင်မြင့်ထက်မှာ လင်းထိန်နေမှာ ဖြစ်ပါတယ်။ ဆရာကြီးလူထုဦးလှ၊ ဆရာမကြီး လူထုဒေါ်အမာတို့ရဲ့ စာပေကျေးဇူး ကျွန်တော့်ထံတင်ရှိနေပါတယ်။ ဟံသာဝတီသတင်းထောက်ဖြစ်ဖို့ ဆရာကြီးလူထုဦးလှ ထောက်ခံပေးခဲ့ဖူးပါတယ်။ ယခုတိုင် ဆရာကြီးဦးလှရဲ့ လက်ရေးမူရှိနေပါသေးတယ်။ ကျွန်တော်တို့ ယောနယ်၊ ဆောနယ်ကို ဒေါက်တာသန်းထွန်း၊ မောင်စွမ်းရည်၊ ဆရာကြီးလူထုဦးလှနှင့် သားငယ် ဆရာညီပုလေးတို့ ရောက်ခဲ့ဖူးပါတယ်။ ၁၉၇၀ ပြည့်နှစ်ဆီတုန်းက ဆရာညီပုလေးဟာ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်ပါတယ်။ မြောက်ယောက ဆရာကြီး ဦးကြာထွန်း (ယော) အကူအညီနဲ့ ဆရာကြီးလူထုဦးလှ ယောနယ်ရှေးသတင်းများ ထွက်ပေါ်ခဲ့ဖူးပါတယ်။ ယောစာအုပ်ကြီးနဲ့ ဆရာဦးကြာထွန်း အမျိုးသားစာပေဆုရသည်အထိ အောင်မြင်ခဲ့တာ ဆရာကြီးလူထု ဦးလှဇနီးမောင်နှံ့ကျေးဇူးပါ။

အဲဒီတုန်းက လောင်းရှည်မြို့က ဦးကျော်အုံးစိန်တို့နဲ့ ယောနယ်ရှေးစကားပုံပြင်တွေ စုဆောင်းဖော်ထုတ်ခဲ့ပါတယ်။ ဆရာကြီးလူထုဦးလှရဲ့ စာပေစိတ်ထားဟာ မြင့်မြတ်မှန်ကန်လှပါတယ်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး ဖွဲ့စည်းသောအခါ ဆရာကြီးရဲ့အဖွဲ့ဝင် အမှတ်ဟာ(တစ်)ဖြစ်ပါတယ်။ စာပေဇနီးမောင်နှံ့ဟာ အတွဲညီတဲ့ မြန်မာပြည်မှာ ရှာမှရှားတဲ့ စာပေပညာရှင်ကြီးတွေဖြစ်ပါတယ်။ ကျွန်တော်လည်း ဆရာကြီးလူထု ဦးလှကိုအားကျပြီး ဇနီးမယားကို ဗိုလ်တထောင် သတင်းထောက် ဖျာပုံ စောမဉ္ဇူကို ရွေးချယ်ခဲ့တာပါပဲ။

ဆရာကြီးလူထုဦးလှနဲ့ ဆရာမကြီး ဒေါ်အမာအကြောင်းရေးရင် ကျမ်းကြီးတစ်ကျမ်းဖြစ်လာနိုင်ပါတယ်။ ဆရာမကြီး လူထုဒေါ်အမာရဲ့ စာပေဝမ်းစာပြည့်ပုံအကြောင်း တင်ပြလိုပါတယ်။ လူထုဒေါ်အမာကို စာပေဩဇာလို့မသုံးဘဲ ဝမ်းစာလို့ ပြောလို့အပြစ်မတင်ကြပါနဲ့ခင်ဗျာ။ ဩဇာဆိုတာ မင်းစိုးရာဇာအာဏာရှင်ဆန်ပါတယ်။ ဝမ်းစာကတော့ ပြည်သူလူထုနဲ့ အေးအတူပူအမျှ ဒွန်တွဲနေထိုင်မှုဓလေ့ဖြစ်ပါတယ်။ စာပေဝမ်းစာပြည့်ခဲ့လို့ ပြည်သူချစ်သော အနုပညာလက်ရာမြောက်ခဲ့တာပါ။ လူထုဒေါ်အမာဟာ ပြည်သူချစ်သော အနုပညာသည်များ စာအုပ်စာပေနဲ့ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆုကို ရရှိပိုင်ဆိုင်ခဲ့ပါတယ်။ အဲဒီစာအုပ်ကြီးထဲမှာ သတင်းကြီးသည့် မင်းသမီး မထွေးလေး၊ ရုပ်သေးမင်းသမီးဆရာပုကြီး၊ မြခြေကျင်း မငွေမြိုင်၊ ကောလိပ်စိန်ခေါ် မမြလွင်၊ နေမျိုးဗလကျော်စွာဘွဲ့ရ ရွာစားကြီး စိန်ဗေဒါ၊ နန်းတော်ရှေ့ ဆရာတင်၊ အသံမင်းသမီးလေဘာတီမမြရင်၊ မြို့မငြိမ်း စသည့် အနုပညာသည်ရှစ်ဦးတို့၏ စိတ်ဝင်စားဖွယ် ဘဝဖြစ်စဉ်တွေပါဝင်ခဲ့တယ်။ ၎င်းတို့ရဲ့ သီချင်းများနဲ့အတူ ပူးတွဲဖော်ပြရေးသားထားတာကို တွေ့မြင်ရပါတယ်။ အဲဒီအနုပညာသည် ရှစ်ဦးတို့ရဲ့ ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ ဆိုင်းနဲ့ သီချင်းရေးဆရာဖြစ်ပါတယ်။ ယေဘုယျပြောရရင် သဘင်နယ်က အနုပညာသည်များအကြောင်း ရေးသားထားတာပါ။ အဲဒီလိုရေးသားသီကုံးရာမှာ ထိုပုဂ္ဂိုလ်ကြီးများရဲ့ အနုပညာရည်များကို လုပ်သားပြည်သူတို့က မည်ကဲ့သို့ နှစ်ခြိုက်စွဲလမ်းခဲ့တယ်၊ မည်မျှကြည်နူးနှစ်သိမ့်ခဲ့တယ်ဆိုတာတွေ့မြင်ရပါတယ်။ အနုပညာသည်များကို ဦးစားပေးရေးသားထားပါတယ်။ ပြုစုရေးသားသူမှာ လူထုဒေါ်အမာဖြစ်ပါတယ်။ ကြီးပွားရေးပုံနှိပ်တိုက်(မန္တလေး)က ထုတ်ဝေပါတယ်။ စာမျက်နှာ ၅၆၀ ရှိပြီး အဲဒီအချိန်တုန်းက တန်ဖိုး ငါးကျပ် ဖြစ်ပါတယ်။

ဆရာမကြီးလူထုဒေါ်အမာရဲ့ စာပေဝမ်းစာပြည့်ဝပုံကို ပေါ်လွင်ထင်ရှားဖြစ်စေပါတယ်။ အလင်္ကာကျော်စွာ မြို့မငြိမ်းကို လူချွန်လူကောင်းသီချင်းနဲ့ သရုပ်ပြအမွှမ်းတင်ခဲ့ပါတယ်။ လူချွန်လူကောင်းဆိုသော စကားဝေါဟာရမှာ လှပသစ်လွင် မြတ်နိုးတန်ဖိုးထားဖွယ်ဖြစ်ပါတယ်။ လူချွန်နဲ့လူကောင်းနှစ်မျိုး ပေါင်းစပ်ထပ်ထူပြုထားခြင်း ဖြစ်ပါတယ်။ လူချွန်ဆိုသည်မှာ ပညာဉာဏ်ထက်မြက်ထူးချွန်သော လူငယ်လူရွယ်အများစုကို ရည်ညွှန်းထားပါတယ်။ လူကောင်းဆိုသည်မှာ အကျင့်စာရိတ္တစိတ်ကောင်းစိတ်မြတ်ရှိသော လူငယ်လူရွယ်အများစုကို ရည်ညွှန်းပါတယ်။ လူချွန်နှင့် လူကောင်းစကားစုနှစ်မျိုးပေါင်းစပ်လိုက်သောအခါ လူချွန်လူကောင်းဆိုတာ ပညာပြည့်ဝနှလုံးလှသော ယနေ့တက်လူများကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီနေ့ လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ယနေ့ကောင်းလျှင် နောင်ကောင်းဖို့ဖြစ်ပါတယ်။ အစကောင်းသဖြင့်အနှောင်းသေချာ စိတ်ချရသော ဘဝအာမခံချက်ကို ရရှိစေပါတယ်။

၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတော်အစိုးရမှ ပြည်တော်သာစီမံကိန်းကြီးကို ချမှတ်အကောင်အထည်ဖော်ဆောင်လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ် ပြည်ထောင်စုညီလာခံသို့ မြို့မတူရီယာအသင်းအဖွဲ့ကို ဖိတ်ကြားပြီး "ပြည်တော်သာ" တေးသီချင်း ရေးစပ်သီကုံးရန် တောင်းဆိုခဲ့ပါတယ်။ အခြားသောဂီတပညာရှင်များလည်း တက်ရောက်ပါဝင်ခဲ့ကြပါတယ်။ တချို့သောဂီတပညာရှင်များက "ပြည်တော်သာသီချင်း"ကို အနုပညာအနှစ်မဆန်ဘဲစီမံကိန်းပါ စာသားများကို အတုံးလိုက်အတစ်လိုက် ထည့်သွင်းစပ်ဆိုခဲ့ကြပါတယ်။"လူတစ်ကိုယ်. . . . ကားတစ်စီး. . . တိုက်တစ်လုံး. . . ဝင်ငွေ တစ်ထောင်နှင့် သာယာဝပြောစေပြီ. . . ပြည်တော်သာရမည်. . . ဟေ့ ပြည်တော်သာရမည်. . ." ဟူ၍ ရေးသားသီကုံးဖွဲ့နွဲ့ခဲ့ကြပါတယ်။

ပြည်တော်သာခေတ် အစိုးရလက်ထက်တွင် ရုပ်ရှင်ရုံ၊ ကျောင်း၊ ဈေး၊ မြို့ရွာတောတောင်ဒေသအသီးသီးတွင် "ပြည်တော်သာတေးသီချင်း"မှာ ပေါက်မြောက်ကျော်ကြားနေခဲ့ပါတယ်။ ထိုခေတ် ထိုအခါက ပြည်တော်သာသီချင်းမှာ နေတစ်ဆူလတစ်ပါး ထင်ရှားပေါ်လွင်ခဲ့ပါတယ်။

ခေတ်ရေစီးကြောင်းတွေ ပြောင်းလဲသွားခဲ့ပြီ။ သက္ကရာဇ်တွေ၊ စနစ်တွေ၊ အသွင်အပြင်တွေ ခေတ်မှာ သစ်၍ သစ်၍ လာခဲ့ပါတယ်။ ထို့ကြောင့် ၁၉၆၂ ခုနှစ်တွင် "ပြည်တော်သာသီချင်း" အသံတိတ်သွားကာ အရိပ်အယောင်ပင် မမြင်တွေ့ရတော့ပေ။ ထိုအခါတွင် "လူချွန်လူကောင်း" တေးသီချင်းကာ ခေတ်စနစ်နှင့်အတူ နည်းပညာစနစ် ရှေ့ပြေး၍ သီဆိုသစ်လွင်နေပါတယ်။ ရင်သွေးရင်နှစ် အနုပညာစစ်မှာ ပို၍ တောက်ပထွန်းလင်းလာခဲ့ပါတယ်။ ခေတ်ရှေ့ကို ပြေးနေခဲ့ပါတယ်။

"မိုးနတ်မယ်"ရုပ်ရှင်ဇာတ်ကားကြီး၏ ပဏာမအဖွင့် ရုပ်ရှင်သီချင်းကောင်းအဖြစ် အသုံးပြုကာ ပြန်လည်နိုးထ အသက်ဝင်လာခဲ့ပါတယ်။ "ဘယ်ရပ်ဌာနီ" ရုပ်ရှင်ဇာတ်ကားကြီးအဆက်ဖြစ်သော "မိုးနတ်မယ်"ရုပ်ရှင်ကားကြီး မြန်မာပြည်တစ်ခွင် အောင်မြင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်တွင်လည်း "လူချွန် လူကောင်း" ရိုးအီမသွားဘဲ ဆက်လက်ပြီး "ဗေဒါပျံ အံကိုခဲ ပန်းပန်လျက်" ရှိခဲ့ပါတော့တယ်။

ပါတီစုံအထွေထွေရွေးကောက်ပွဲ ၁၉၉၀ ပြည့်နှစ် အခါသမယတွင်လည်း "အလင်္ကာကျော်စွာ မြို့မငြိမ်းလက်ရာ" "လူချွန်လူကောင်းတေးသီချင်း"မှာ သစ်လွင်ဆန်းသစ်၍ လေလှိုင်းကြားမှတစ်ဆင့် ရုပ်မြင်သံကြားပုံရိပ်သို့ ဝင်ရောက်ကာ ထင်ရှားပေါ်လွင်ခဲ့ပြန်ပါတယ်။ ယနေ့ ယခု ၂၀၁၄ မှ ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးရှေ့သို့တိုင်အောင်ပင် "လူချွန်လူကောင်း" တေးသီချင်း ဆိုကြမယ်၊ ပျော်ကြမယ် လူငယ်တွေကလက်ဆင့်ကမ်းအမွေ သီဆိုရင်ခုန်ကောင်းနေဆဲပင်ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ခေတ်တိုင်းမှာ နံပါတ်(၁)ထိပ်တန်းစာရင်းဝင်အသွင်တင်ခဲ့ပါတယ်။ ခေတ်မီမီကမ္ဘာကြီးကို ကြည့်မြင်ခဲ့သော မြို့မငြိမ်း၏ လူချွန်လူကောင်းတေးသီချင်းကား လေပြည်ထဲမှ ငယ်ရုပ်ဆင်နေဦးမည်သာ။ မြို့မငြိမ်းဟာ ရုပ်ကိုမပြင် စိတ်ကိုသင်ကြားခဲ့ခြင်းပင်ဖြစ်ပါတယ်။ တေးရေးသီကုံးဖွဲ့နွဲ့သံစဉ်ထည့်ခဲ့သော မူလပိုင်ရှင်မြို့မငြိမ်းမှာ ကွယ်လွန်ခဲ့သည်မှာကြာပြီ။ သို့သော်. . သို့သော်. . မြို့မငြိမ်းလက်ရာတေးအနုပညာရပ် "လူချွန်လူကောင်းတေးသီချင်း"မှာ ရုပ်ရှင်မင်းသားကြီးမြတ်လေး၏ "ပန်းတိုင်းပွင့်ပါစေ"တေးသီချင်းနှင့်အတူ ပြည်သူလူထုအကြားဝယ် ရေပန်းစားနေဆဲပင်။

"လူချွန်လူကောင်း"ဆိုသော သုတ၊ ရသစကားလုံးပိုင်ရှင်မှာ အလင်္ကာကျော်စွာမြို့မငြိမ်းဖြစ်ပါတယ်။ စာရေးဆရာမကြီး လူထုဒေါ်အမာက မြို့မငြိမ်း၏ ရုပ်ပုံလွှာကို "မြန်မာ့တေးဂီတသမိုင်းတွင် နှစ်ကာလရှည်လျားစွာတည်တံ့ကျန်ရစ်မည့် သတ္တိများရှိသော မြန်မာသီချင်း (Modern classic) များကို သီကုံးရေးဖွဲ့သွားခဲ့တယ်။ မြို့မငြိမ်းကား အသေစော၍ နှမြောထိုက်သည့် မြန်မာ့သားကောင်းတစ်ဦးပါပေ။ ဆရာငြိမ်းလို ငယ်ရွယ်သေးသူတို့ကို စတေးမပေးလိုက်ရပါက ဆရာငြိမ်းသည် ယခုနေအချိန်၌ သူရည်မှန်းတမ်းတသည့် မြန်မာ့ဂီတကို ကမ္ဘာ့ဂီတနှင့် ရင်ပေါင်တန်းနိုင်ရေး ဆက်လက်၍ ကြိုးပမ်းနေဦးမည်မုချဖြစ်သည်" ဟူ၍ ဖော်ညွှန်းရေးသားခဲ့ပါတယ်။ လူချွန်လူကောင်းကို စာပေပြဒါးတိုင်နှင့် တိုင်းတာလျှင် သုတစာပေနှင့်ရသစာပေ အသွင် ဆင်တူပေလိမ့်မည်ထင်ပါတယ်။ လူချွန်ကို စာပေဘဏ်တိုက်အဖွင့်တွင် သုတစာပေအုပ်စုဖြင့် အသွင်ရုပ်သဏ္ဍာန် ထပ်တူပြုနိုင်ပါတယ်။ လူကောင်းမှာ စာပေဂန္ထဝင်နှင့် စံတင်ရလျှင် ရသစာပေအုပ်စုတွင် မျိုးနွယ်စု ထပ်တူကျပေလိမ့်မယ်လို့မြင်ပါတယ်။

သိစရာ၊ မှတ်စရာ အချက်အလက်များ၊ အဖြစ်အပျက်များ၊ ပညာရပ်များကို ရေးသားထားသောစာကို သုတစာပေဟု ကင်ပွန်းတပ်နိုင်ပါတယ်။ စိတ်နှလုံးသားထဲမှာ နှစ်သက်မြတ်နိုးပြီး စေတနာကောင်းများ နိုးကြားတက်ကြွလာအောင် စိတ်ကူးနှင့်ဖန်တီးရေးဖွဲ့ကာ လူအကြောင်း၊ လူဘဝ အဖြစ်အပျက်များကို ရသစာပေဟု ခေါ်ဆိုလေမလားဟု တွေးထင်မိပါတယ်။

သုတစာပေမှာတော့ ဦးနှောက်ကို အသိအမြင်ဗဟုသုတများ ဖြည့်ဆည်းပေးထားသော စာပေအမျိုးအစားဖြစ်ပါတယ်။ ရသစာပေကတော့ နှလုံးသားကို စိတ်ရသပေးအပ်ထားသော စာပေအမျိုးအစားဖြစ်ပါတယ်။ သုတနဲ့ရသကို စာပေသုခမိန်ပညာရှင်ကြီးများက ခွဲခြားသတ်မှတ်စည်းကမ်းထားရှိခဲ့ပါတယ်။ ရသစာပေမှာ စိတ်စေတနာကောင်းနဲ့ စိတ်အရည်အသွေးတိုးပွားအောင်လုပ်နိုင်ပါတယ်။ ဒါကြောင့် အဆင့်မြင့်စာပေဖြစ်ပါတယ်။ ကမ္ဘာ့စာပေနယ်ပယ်ကတော့ NOBEL ဟူ၍ သတ်မှတ်ပါတယ်။

သုတစာပေမှာ ပညာပေးသော စာပေဖြစ်ပါတယ်။ မျိုးဆက်သစ် လူငယ်တိုင်းဟာ နှစ်မျိုးစလုံးကို မျှမျှတတ ဖတ်ရှုလေ့လာသင့်ပါတယ်။ သုတစာပေများသာ တစ်ဖက်သတ်ဖတ်ရှုနေပါလျှင် အသိပညာ ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ပါတယ်။ ရသစာပေများကို မဖတ်ရှုလျှင် ရသခံစားတတ်မှု အကျင့်စရိုက်နည်းပါးသွားနိုင်ပါတယ်။ သနားစရာကိုတွေ့သော်လည်း သနားရကောင်းမှန်းမသိဖြစ်တတ်ပါတယ်။ ချစ်စရာ၊ မြတ်နိုးစရာကို တွေ့သော်လည်း ချစ်မြတ်နိုးရကောင်းမှန်း မသိဖြစ်ပြီး အရိုင်းစိတ်ဝင်နေတတ်ပါတယ်။

ရသစာပေဆိုတာ ဝတ္ထု၊ ကဗျာ၊ ရသစာတမ်းဆိုသော အက်ဆေးများကို ခေါ်ဆိုသော စာပေပညာသာဖြစ်ပါတယ်။ အဲဒီစာမျိုးကို ငယ်ငယ်ကတည်းက ဝါသနာပါပြီး မက်မက်မောမော ဖတ်ရှုခဲ့တဲ့လူငယ်တွေမှာ ရသနဲ့မစိမ်းနိုင်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတွေ ဝမ်းစာပြည့်ဝဖွံ့ဖြိုးလာပါတော့တယ်။ ရသစာပေများကို တစိုက်မတ်မတ်ဖတ်ပြီးတော့ သုတစာပေကို မဖတ်လျှင်လည်း သိသင့်သိထိုက်သော အသိအမြင်မရှိတော့ပေ။ အသိဉာဏ်ပညာ အားနည်းသွားကာ ခပ်အအဖြစ်နေတတ်ပါတယ်။ သို့ဖြစ်ရာ ရသစာပေ မဖတ်လျှင် လူရိုင်းကလေးများဖြစ်လာနိုင်ပြီး သုတစာပေ မဖတ်ပြန်လျှင်လည်း လူအကလေးများဖြစ်သွားတတ်ပါတယ်။ ရိုင်းလည်း မရိုင်းရအောင်၊ အလည်းမအရအောင် သုတစာပေနှင့် ရသစာပေကို မျှမျှတတ ဖတ်သင့်ပါတယ်။

လူထုသတင်းစာနှင့် လူထုဂျာနယ်များသည် ပြည်သူလူထုချစ်သော အနုပညာပစ္စည်းဖြစ်စေခဲ့ပါတယ်။ လူထု၏ နား၊ မျက်စိ လွတ်လပ်ပွင့်လင်း မြင်သာ ထင်သာမှသာ နိုင်ငံလူမျိုး အကျိုးရှိစေမှာဖြစ်ပါတယ်။ စာပေ လွတ်လပ်ခွင့်ဟာ နိုင်ငံနှင့်လူမျိုးကို မြင့်စေ၊ တင့်စေ၊ ဝင့်စေနိုင်ပါတယ်။ ဒါကြောင့် လွန်ခဲ့သောနှစ် ၆၀ ခန့်က ၁၉၅၆ ခုနှစ် ဇွန်လထုတ် လူထုဂျာနယ် အမှတ်(၇၄)ပါ Editorial အယ်ဒီတာအာဘော်(ခေါင်းကြီး)ထဲမှာ "နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းလို ပုဂ္ဂိုလ်လိုလူမျိုးကို လွန်ခဲ့သည့် ခုနစ်လကျော်က လူထုသတင်းစာတွင် ထည့်သွင်းဖော်ပြခဲ့သော ပျူစောထီးစီမံကိန်းကို ဝေဖန်ရေးသားသည့် ခေါင်းကြီးပိုင်းတစ်ခုကြောင့် အစိုးရအား အကြည်ညိုပျက်စေသည်ဆိုသည့် ပုဒ်မ ၁၂၄(က)နှင့် ဖမ်းဆီးအရေးယူခြင်းခံရတယ်။ အာမခံဝင်မရသေးဆိုသောကိစ္စမှာ လွတ်လပ်စွာ ဖော်ထုတ်တင်ပြခွင့်ရှိပြီဟုဆိုသော လွတ်လပ်သော ဗမာနိုင်ငံ၌ အရုပ်ဆိုးလွန်းလှပေသည်"ဟူ၍ စာပေသစ္စာရှိစွာရေးသားခဲ့ပါတယ်။

အဲဒီအချိန်မှာ လူထုဂျာနယ် အယ်ဒီတာဟာ လူထုဦးလှဖြစ်ပြီးတော့ တွဲဖက်အယ်ဒီတာကတော့ လူထုဒေါ်အမာဖြစ်ပါတယ်။ အဲဒီခေါင်းကြီးကို လူထုဒေါ်အမာ ပထမဦးဆုံးရေးခဲ့သော အယ်ဒီတာအာဘော်ခေါင်းကြီးဖြစ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ လွတ်လပ်မှု အခွင့်အရေးများဟူသော ခေါင်းစဉ်အောက်တွင် အပိုဒ် ၁၇(က)၌ "မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ချက်တို့ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သော အခွင့်အရေးရှိစေရမည်" ဟူ၍ အတိအလင်း ဖော်ပြထားခဲ့ပါတယ်။

"ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေပါ ထိုအပိုဒ်သည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်၌ ထည့်သွင်းထားသော အပိုဒ်ဖြစ်ပါတယ်။ ထို့ပြင် ဒီမိုကရေစီကို လေးစားမြတ်နိုးသည့် နိုင်ငံတိုင်း၌ပင် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာ ရေးသားပြောဆိုခွင့်များကို အသိအမှတ်ပြုကြရ၊ ပေးကြရမည်ချည်းဖြစ်ပါတယ်။ လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်ကိုပြုသည်သာမက တိုင်းပြည်တစ်ပြည်ကို ထိန်းသိမ်းကာကွယ်တည်ဆောက်ရာ၌ ကက်ဘိနက် (အစိုးရ) အဖွဲ့သည် လည်းကောင်း၊ တရားစီရင်ရေးဌာနသည် လည်းကောင်း၊ လွှတ်တော်သည်လည်းကောင်း၊ သတင်းစာသည်လည်းကောင်း မဏ္ဍိုင်လေးခုအဖြစ်ဟူ၍ သိမှတ်ထားရပါတယ်။"

"ထို့ကြောင့် စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းတို့၏ ထင်မြင်ယူဆချက်များ လွတ်လပ်စွာ ရေးသားဖော်ထုတ်နိုင်ခွင့်သည် တိုင်းပြည်တစ်ပြည်အတွက် အသက်သွေးကဲ့သို့ပင် အရေးကြီးလှပေသည်"ဟု တွဲဖက်အယ်ဒီတာ လူထုဒေါ်အမာက အဓိကပြဿနာကို ဖျတ်ခနဲမီးမောင်းထိုးပြလိုက်ပါတယ်။ ဆရာမကြီး လူထုဒေါ်အမာဟာ စာပေဩဇာထက် စာပေဝမ်းစာပြည့်ဝလှသူဖြစ်ပါတယ်။ စာပေဝမ်းစာပြည့်သဖြင့် တစ်ပါးသူတို့၏ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် မြန်မာ့ပြည်သူလူထုကြီး တစ်ရပ်လုံးကို ပေးဆပ်သွားနိုင်သူဖြစ်ပါတယ်။ ဆရာမကြီး လူထုဒေါ်အမာသည် အနှစ် (၁၀၀)ပြည့် တိုင်အောင် လူထုစွဲလမ်း ပြည်ချစ်ပန်းခိုင်ဖြစ်နေခဲ့ပါတယ်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံကြီးတွင် စာပေဩဇာထက် စာပေဝမ်းစာပြည့်သူများ အထူးလိုအပ်နေပြီဖြစ်ပါတယ်။ ဒါမှသာ ပြည်သူလူထုထဲမှာ အမှန်ရှာနိုင်မှာဖြစ်ပါတယ်။ သို့မဟုတ်ပါက ဆင်သေကို ဆိတ်သားရေနှင့်ဖုံးသလို ဖြစ်နေပေလိမ့်မှာဖြစ်ပါတယ်။ ဆရာမကြီး လူထုဒေါ်အမာ ကောင်းရာသုဂတိလားပါစေသော်။ ။

# ကိုယ်ရေးခဲ့တဲ့စာတွေဟာ တိုင်းပြည်အတွက် အကျိုးရှိမယ်၊ စာဖတ်တဲ့ပြည်သူတွေအတွက်လည်းတန်ဖိုးရှိရင် အဲဒီစာရေးဆရာဟာ လူသာသေတယ် နာမည်မသေဘူး၊ အဲဒါဟာ စာရေးဆရာတွေရဲ့ ဂုဏ်ပဲ

**ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)**

မြန်မာ့စာပေယဉ်ကျေးမှုသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ခဲ့ပြီး ယနေ့အထိ ရှင်သန်ဖွံ့ဖြိုးလျက်ရှိသည်။ မြန်မာစာဆိုတော်ကြီးများကလည်း ခေတ်အဆက်ဆက် တိုင်းပြည်နှင့်လူမျိုး အကျိုးရှိစေမည့် စာကောင်းပေမွန်များကို အမြောက်အမြားရေးသားဖွဲ့ဆိုခဲ့ပြီး မြန်မာစာပေကို အစဉ်အဆက် လက်ဆင့်ကမ်းပေးခဲ့ကြသည်။ ယနေ့ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ပေးအပ်ချီးမြှင့်ခဲ့ရာ ဆုရစာပေပညာရှင်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

မှတ်ရမယ်။ ဖွဲ့ရှိရမယ်။ အချိန်ပေးရတယ်။ ပြီးရင်တကယ့်စေတနာနဲ့ စာဖတ်ပရိသတ်အကျိုးကို ရှေးရှုပြီးရေးပါ။စာပေဟာ တိုင်းပြည်အတွက်အရေးပါတယ်။ "စာပေမြင့်မှလူမျိုးတင့်မယ်" ဆိုတာမျိုးပေါ့။ စာရေးဆရာဆိုတာ လူသာသေတာ နာမည်မသေဘူး။ ကိုယ်ရေးခဲ့တဲ့စာတွေဟာ တိုင်းပြည်အတွက် အကျိုးရှိမယ်၊ စာဖတ်တဲ့ပြည်သူတွေအတွက်လည်း တန်ဖိုးရှိရင် အဲဒီစာရေးဆရာဟာ လူသာသေတယ် နာမည်မသေဘူး။ အဲဒါဟာ စာရေးဆရာတွေရဲ့ ဂုဏ်ပဲဖြစ်ပါတယ်။

**ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)အမျိုးသားစာပေတစ်သက်တာဆု**

တစ်သက်တာစာပေဆုရတဲ့အတွက်တော့ ကြည်နူးတယ်။အင်းဝဂုဏ်ရည် ဖတ်လို့ရတယ်။ ဒီတော့စာပေက လူငယ်တွေနဲ့အလှမ်းမဝေးပါဘူး။ စာဖတ်ချင်စိတ်လေးပဲရှိဖို့လိုတာပါ။ ဒါပေမယ့် လူငယ်တွေအနေနဲ့ မှန်ကန်တဲ့ ကိုယ့်ဘဝအတွက်လိုအပ်တဲ့ ခွန်အားဖြစ်စေမယ့်စာမျိုးကို ရွေးချယ်ဖတ်ကြပါလို့တော့ တိုက်တွန်းချင်ပါတယ်။

**ဇော်မျိုးဟန်(ငါးသိုင်းချောင်း)အမျိုးသားစာပေ ကလေးစာပေဆု**

၂၀၁၄ ခုနှစ် အမျိုးသားစာပေဆု ကလေးစာပေဆု ရခဲ့တာပါ။ ပန်းစုံရွှေပြည်ကလေးကဗျာများစာအုပ်နဲ့ရတာပါ။ စာပေဗိမာန်စာမူဆု နှစ်ကြိမ်ရခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ကစလို့ ကဗျာနဲ့ပဲ စာပေလောကကို ရောက်ခဲ့တာပါ။ကလေးစာပေဖြစ်တဲ့အတွက် ကလေးတွေနားလည်လွယ်မယ့် စာလုံးလေးတွေရွေးပြီး



ဦးကိုကို



ဦးခင်မောင်စိုး



ဦးကိုလေး



ဒေါက်တာမောင်ဖြေ



ဇော်မျိုးဟန်



မအိအိမော်

**ဦးကိုကို(အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်)**

တစ်သက်တာစာပေဆုရွေးတဲ့အခါမှာ အသက်အရွယ်အားဖြင့်လည်း ကြီးရင့်တယ်၊ လက်ရှိနိုင်ငံမှာလည်း ပင်ကိုအားဖြင့် စာပေသြဇာကြီးမားတဲ့ ဆရာကြီး ဆရာမကြီးတွေကို စာပေဆုရွေးချယ်ရေးကော်မတီအဖွဲ့ထဲကနေ ဆန္ဒပြုကြတယ်။ စာရင်းတွေတင်ကြတယ်။ ဒီအထဲကမှ ကော်မတီဝင်အများစု ဆန္ဒပြုတဲ့ ဆရာကြီး ဆရာမကြီးတွေထဲကမှ သုံးဦးကို ရွေးချယ်ပေးခြင်းဖြစ်ပါတယ်။ရွေးချယ်ခံရတဲ့ ဆရာကြီး ဆရာမကြီးတွေအနေနဲ့ နိုင်ငံတော်အဆင့် ထိုက်ထိုက်တန်တန်ပေးတာဆိုတော့ ရသွားတဲ့ဆရာကြီး ဆရာမကြီးတွေလည်း ထိုက်ထိုက်တန်တန်ရဖို့လိုပါတယ်။ ဒါ့ကြောင့် စံသတ်မှတ်ချက်လေးတွေတော့ ထားရှိပါတယ်။ အမျိုးသားစာပေဆုကတော့ တစ်နှစ်တာကာလပတ်လုံး ထုတ်ဝေပြီးသားစာအုပ်တွေ၊ ဘာသာရပ်အလိုက်စာပေတွေခွဲပြီး ချီးမြှင့်တာပါ။ အများစုရွေးချယ်တဲ့သူကို ဆုပေးတာပါ။ အကြိုက်ချင်းတူရင် မဲပေးစနစ်နဲ့ ရွေးချယ်ပါတယ်။ စာပေဗိမာန်စာမူဆုကတော့ ပြိုင်ပွဲဝင်စာမူတွေထဲကနေ ရွေးချယ်ချီးမြှင့်တာပါ။အကဲဖြတ်အဖွဲ့အများစုကနေပြီးတော့ စံနှုန်းသတ်မှတ်ချက်နဲ့ကိုက်ညီဖို့အားနည်းတဲ့အတွက် ချန်ထားခဲ့ရတာတွေလည်းရှိပါတယ်။

**ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)အမျိုးသားစာပေတစ်သက်တာစာပေဆုရှင်**

ဆုရတယ်ဆိုတာ လူတိုင်းဝမ်းသာကြပါတယ်။ ဆုပေးတဲ့ပုဂ္ဂိုလ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ စာဖတ်ပရိသတ်ကို အကျိုးပြုပါစေဆိုတဲ့ စေတနာနဲ့ရေးသားခဲ့လို့ စာဖတ်ပရိသတ်က ပြန်ပြီးစေတနာထားတယ်လို့ ခံယူပါတယ်။ အခုလိုဆုရတော့ အများကြီးဝမ်းသာပါတယ်။ ၁၉၅၈ ထဲက စာစရေးဖြစ်ခဲ့တာပါ။ အခုဆို စာအုပ်ပေါင်း ၇၈ အုပ်လောက်ရှိပါပြီ။ အမျိုးသားစာပေဆု ၂ ခါရဖူးပါတယ်။ စာရေးဆရာဖြစ်ဖို့ဆိုတာ စာများများဖတ်ရမယ်။

ဆိုတာ ကျွန်တော်တက်ခဲ့တဲ့ကျောင်းကို ဂုဏ်ပြုပြီး နာမည်နောက်မှာ တွဲပြီးပေးထားတာပါ။"ကျွန်တော်တို့ဌာနေ ရွှေအင်းဝ" ကဗျာနဲ့ စာပေလောကထဲကို ရောက်လာတာပါ။ ကဗျာရဲ့အလုပ်ကိုက လှုံ့ဆော်မှုပဲ။ စာဖတ်တဲ့သူကို လှုံ့ဆော်မှာ ကဗျာနဲ့ငြိမ်းချမ်းရေးပြည်တွင်းစစ်ကိုရပ် စတာတွေ လူသားတွေအကုန်လုံး စစ်ပွဲရပ်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာအားလုံးပါဝင်ဖို့၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး ပေါ်လာအောင် စာပေကစွမ်းဆောင်နိုင်တယ်။ ကဗျာက စွမ်းဆောင်နိုင်တယ်။ တကယ်တော့ စာပေဆိုတာ နူးညံ့တယ်။ စာပေက အသည်းထဲကို ချိန်တယ်။ ကျွန်တော်တို့ရဲ့စာပေတွေက အသည်းထဲကို စိမ့်ဝင်အောင် ရသပိုင်းနဲ့ ပြောတာဆိုတော့ ပိုစွဲတယ်။ ကဗျာဆိုတာ စာပေရဲ့အမြင့်ဆုံးအပိုင်းပဲ။ ဒီနေ့ခေတ်မှာ ရသစာပေအားနည်းသွားတဲ့အတွက် လူငယ်တွေရိုင်းသွားတယ်။ ဒါကို ပြန်ဖော်ထုတ်ရမယ်။

**ဒေါက်တာမောင်ဖြေ(မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု)**

မွန်မြတ်သော ကျေးဇူးပြုသူနှင့် မွန်မြတ်သော ကျေးဇူးဆပ်သူ စာအုပ်နဲ့ ဒီနှစ်ဆုရတာပါ။ ဒီစာအုပ်မှာ ဗုဒ္ဓရဲ့အဆုံးအမတွေကို လူကြီး လူငယ် လူလတ်မရွေး ဖတ်ရှုပြီး စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးသိမ်မွေ့လာအောင်၊ မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုတွေနဲ့ပတ်သက်ပြီး ဗဟုသုတရစေမယ့် စာတွေကိုပါ စုဆောင်းတင်ပြထားတာပါ။ ၂၀၁၁ ခုနှစ်ကလည်း စာပေဗိမာန်စာမူဆုကို အလှအယဉ် မြန်မာ့ဓလေ့ပွဲတော်တစ်ခွင် စာအုပ်နဲ့ရရှိခဲ့ပါတယ်။ တကယ်တော့ စာပေဆိုတာ လူကြီး လူငယ် ကလေးမှ မဟုတ်ပါဘူး၊ အလွှာအသီးသီးနဲ့ သက်ဆိုင်ပါတယ်။ စာပေလေ့လာမှုကောင်းလေ ယဉ်ကျေး သိမ်မွေ့လာလေပါပဲ။ အခုခေတ်က အင်တာနက်ခေတ်ဆိုတော့ ကလေးတွေ ပိုပြီးခေတ်မီကြတယ်။ စာဖတ်ချင်ရင် အင်တာနက်ကနေတစ်ဆင့် ကိုယ်ဖတ်ချင်တဲ့စာအုပ်ကို ရှာပြီး

ရေးရပါတယ်။ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းပြီးဖြစ်စေ ရွတ်လို့လည်းလွယ်၊ ဗဟုသုတလည်းရမယ့် ပတ်ဝန်းကျင်မှာရှိတဲ့အကြောင်းအရာလေးတွေကို စိတ်ဝင်စားဖွယ်ရေးရတာပါ။ အဲလိုရေးမှလည်း ကလေးတွေက စိတ်ဝင်စားမယ်။ နှလုံးသားလေးတွေ နူးညံ့လာမယ်။ ကလေးဆိုတာကလည်း အနာဂတ်အတွက် အရေးပါတဲ့ ကြယ်ပွင့်လေးတွေပါပဲ။ ကဗျာဆိုတာကတော့ ရေးတဲ့ကဗျာအမျိုးအစားပေါ်မူတည်ပြီး တစ်စုံတရာ အကျိုးတော့ရရှိမှာပါ။

**မအိအိမော် (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု)**

"ကချင်ရိုးရာ အနုလက်ရာဒီဇိုင်းများ"ဆိုတာနဲ့ ဒုတိယ ရခဲ့တာပါ။ ကျွန်မတို့ တိုင်းရင်းသားတွေက တစ်ယောက်နဲ့တစ်ယောက်ထိတွေ့ဖို့က တစ်ပြည်နယ်နဲ့ တစ်ပြည်နယ်တော်တော်ဝေးတယ်။ ဒီလိုမျိုးစာအုပ်တွေ ရေးသားလာကြတဲ့အတွက် ကိုယ်မသွားနိုင်ပေမယ့် လေ့လာလို့ရတယ်။ ယဉ်ကျေးမှုတွေဖလှယ်လို့ရတယ်။ သိခွင့်ရတယ်။အခုဆိုရင်တော့ လမ်းပန်းဆက်သွယ်ရေးတွေကောင်းလာပါပြီ။ ကျွန်မက မြစ်ကြီးနားက ကချင်တိုင်းရင်းသူပါ။ အခုဆိုရင် နိုင်ငံတော်က တိုင်းရင်းသားတွေရဲ့ စာပေ ဂီတ ယဉ်ကျေးမှုတွေနဲ့ပတ်သက်လို့ အများကြီးဆောင်ရွက်ပေးတာ၊ ပွဲတော်တွေ လုပ်ခွင့်ပေးတာတွေကို အများကြီးဝမ်းသာပါတယ်။ တိုင်းရင်းသားယဉ်ကျေးမှုနဲ့ဆိုင်တဲ့ စာပေတွေကို ရွေးချယ်ပြီး အခုလို ဆုချီးမြှင့်ပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

---

**※ ရန်ကုန်အထွေထွေရောဂါကုမှ**

လက်ရှိဆောက်လုပ်နေသော အဆိုပါ ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ်အတွင်း အရေးပေါ်ဌာန၊ ခွဲစိတ်ခန်းပေါင်း ၂၀၊ ဆေးကျောင်းသားကျောင်းသူများအတွက် သင်ကြားရေးအခန်း (ညီလာခံအခန်းများ၊ သင်တန်းခန်းမများ)ထည့်သွင်း ဆောက်လုပ်သွားမည်ဖြစ်ပြီး ဆေးကုသလူနာများအတွက် ခုတင် (၁၅၀၀) ဆံ့ပါဝင်မည်ဖြစ်သည်။ မြေညီထပ်တွင် မတော်တဆထိခိုက်ဒဏ်ရာရမှုနှင့် အရေးပေါ်ကုသဆောင်များ ပါဝင်မည်ဖြစ်ပြီး Level 1 မှ Level 11 ကို ခွဲစိတ်ခန်းများနှင့် ဆေးကြပ်မတ်ကုသဆောင်များပါဝင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ တင်ဒါခေါ်ယူမှုကြောင့် ၁၂ ထပ်ပါ ရန်ကုန်အထွေထွေရောဂါကု တိုးချဲ့ဆေးရုံသစ်ဆောက်လုပ်ခွင့်ရရှိသော တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှ ဥက္ကဌ ဦးကိုကိုထွေးက "ဒီတိုးချဲ့ဆေးရုံသစ်ဆောက်လုပ်ပြီးစီးသွားရင်တော့ လာရောက်ကုသကြမယ့် အရေးပေါ်လူနာတွေအတွက် ယခင်အရေးပေါ်ကုသဆောင်ထက် ပိုမိုစနစ်ကျတဲ့ပုံစံဖြစ်သွားမှာပါ။ လူနာတွေအတွက်လိုအပ်တဲ့ စမ်းသပ်မှုတွေ ပြုလုပ်နိုင်ဖို့ စနစ်ကျအောင် ဆောက်လုပ်ထားပါတယ်။ လေသန့်ကိရိယာ၊ ခွဲစိတ်ကိရိယာပစ္စည်း၊ အောက်စီဂျင်ဂက်စ်ပိုက်လိုင်းများအတွက် စနစ်တကျ ဒီဇိုင်းရေးဆွဲဆောင်ရွက်ထားပါတယ်။ ဆေးရုံဖွဲ့စည်းပုံကောင်းသွားပြီဆိုရင်တော့ လူနာတွေကို အချိန်တိုအတွင်းကုသနိုင်မှာပါ။ အရင်လို လူနာတွေအတွက် ဟိုရောက်ဒီရောက်သွားကုသကြရတဲ့ပုံစံလို နေရာတွေပြန့်ကျဲမနေဘဲ တစ်နေရာထဲမှာ အဆက်အစပ်ရှိတဲ့ ဌာနများနှင့် တစုတစည်း ကုသနိုင်အောင် စီမံထားပါတယ်"ဟု ရှင်းပြခဲ့သည်။

လက်ရှိအနေအထားအရ အဆိုပါ ၁၂ ထပ်ဆောင်ရှိ ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ် မြေညီထပ်မှ ၄ လွှာအထိကွန်ကရစ်လောင်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး အပေါ်အထပ်မြင့်များ ကွန်ကရစ်လောင်းခင်းကျင်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊၂၀၁၆ ခုနှစ် ဧပြီလကုန်၌ အပြီးသတ်ဆောက်လုပ်ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ်အဆောက်အအုံ ဖောင်ဒေးရှင်း တူးဖော်ခြင်းလုပ်ငန်းအား ပြီးခဲ့သည့် အောက်တိုဘာလက စတင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)**

# မြန်မာ့ရိုးရာလက်ဝှေ့ ဆုများပေးအပ်ချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးမြို့မှ မြန်မာ့ရိုးရာလက်ဝှေ့ချစ်မြတ်နိုးသူ ဝါသနာရှင်များ စီစဉ်သည့်၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့အကောင်းဆုံး ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ (၃၅)လမ်းနှင့် (၇၆)လမ်းရှိ တီးမားတင်ဝင်း မင်္ဂလာခန်းမ၌ ကျင်းပသည်။ မြန်မာ့ရိုးရာလက်ဝှေ့ထူးချွန်ကလပ်အသင်းဆုနှင့် ထူးချွန်အားကစားသမားများဆုပေးအပ်ခြင်းကို မန္တလေးမြို့က ပထမဆုံးအကြိမ်စတင်လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆရာမခင်ခင်ဝင်း (ပညာရေး)က ဆောင်ရွက်သည်။ ရှေးဦးစွာ မန္တလေးမြို့၏ ဝါရင့်လက်ဝှေ့ပွဲများကို စီစဉ်သူ ဆရာကြီးကီးမားဦးတင်ဝင်းက မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများအကြောင်းကိုလည်းကောင်း၊ ရန်ကုန်မြို့မှ ရောက်ရှိလာသည့် ဆရာဦးမြင့်လွင်(ကျားကြီး)က မြန်မာ့ရိုးရာလက်ဝှေ့ ဆုချီးမြှင့်ပွဲ ကျင်းပခြင်းအတွက် မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ဆရာကြီး ဦးဂျွန်ပေါက ၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့အကောင်းဆုံးထူးချွန်ဆုပေးပွဲ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ ဆရာကြီး ကီးမားဦးတင်ဝင်းက ကြိုးစားအားထုတ်မှု ထူးချွန်ကလပ်အသင်းဆုရ အဖြူရောင်သွေးသစ်ကလပ်မှ ဆရာကြီး ဦးအောင်ပွဲမောင်အားလည်းကောင်း၊ ဆရာစနေမောင်မောင်က အတိုးတက်ဆုံး မြန်မာ့ရိုးရာလက်ဝှေ့ အားကစားသမားဆုရ သွေးသစ်အောင်အားလည်းကောင်း၊ ဆရာဦးဂျွန်ပေါက မြန်မာ့ရိုးရာလက်ဝှေ့ အလဲထိုးစွမ်းဆောင်ရည်အမြင့်ဆုံးဆု (အလဲထိုးဘုရင်)ရရဲသွေးနီအားလည်းကောင်း၊ ဆရာဦးစိုးမင်းက မြန်မာ့ရိုးရာလက်ဝှေ့အကောင်းဆုံးအားကစားသမားဆုရ မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်းအားလည်းကောင်း ဆုဖလားနှင့် ကျပ်ငွေငါးသိန်းစီ ဆုချီးမြှင့်သည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ❒ ၂၀၁၄ ခုနှစ်မှ

နိုင်ငံတော်အနေဖြင့် "စာပေမြင့်မှ လူမျိုးတင့်မည်" ဆိုသည့် ရည်မှန်းချက်ထားပြီး မြန်မာစာပေ ပညာရှင်ကြီးများ၏ ထူးခြားသည့် စာပေလက်ရာမွန်များကို စာဆိုတော်နေ့ ရောက်လာတိုင်း ယခုကဲ့သို့ နှစ်စဉ်မပြတ် ချီးမြှောက်ဂုဏ်ပြုနေခြင်းဖြစ်ပါကြောင်း၊ မြန်မာစာပေလောက ဖွံ့ဖြိုးရေးကို ဦးတည်ပြီး အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုကို ခေတ်အဆက်ဆက် ရွေးချယ်ဂုဏ်ပြုချီးမြှင့်လာခဲ့ရာတွင် ဘာသာရပ်ဆိုင်ရာ စာပေဆုများ၊ တိုးချဲ့ချီးမြှင့်ခဲ့သကဲ့သို့ ဂုဏ်ပြုငွေများကိုလည်း တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာစာပေအကျိုးကို မျှော်ကိုးပြီး မိမိ၏ ကလောင်အားဖြင့် တစ်သက်တာပတ်လုံး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ခဲ့သည့် ဝါရင့်စာပေ ပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်သောအားဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကစတင်ချီးမြှင့်ခဲ့ပြီး စာပေပညာရှင်တစ်ဦးစီကိုသာ ချီးမြှင့်ခဲ့ရာမှ ၂၀၁၂ ခုနှစ်ကစပြီး အမျိုးသားစာပေတစ်သက်တာဆုကို သုံးဦးအထိ တိုးမြှင့်ခဲ့ပါကြောင်း၊ အဆိုပါစာပေဆုများကို ရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာမှုနှင့် ထိုက်တန်သည့်စာအုပ်စာမူများကို ရွေးချယ်ဆုချီးမြှင့်နိုင်ရန် စာပေဆုရွေးချယ်ရေးကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်စေခဲ့ပါကြောင်း။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အများပြည်သူလိုလားတောင့်တနေသည့် ဒီမိုကရေစီခရီးလမ်းကြောင်းမှန်ပေါ်တွင် စိတ်အားထက်သန်စွာ လျှောက်လှမ်းနေပြီဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း နိုဝင်ဘာ ၈ ရက်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် နိုင်ငံသားအားလုံးက နိုင်ငံကြီးသားပီသစွာဖြင့် ဒီမိုကရေစီ ကျင့်စဉ်အတိုင်း လိုက်နာဆောင်ရွက်နိုင်ကြရန် အထူးအရေးကြီးသကဲ့သို့ အာဆီယံဒေသအပါအဝင် နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံက ဂုဏ်သိက္ခာရှိရှိနှင့် ရပ်တည်နိုင်ရန်လည်း အထူးလိုအပ်လာပြီဖြစ်ကြောင်း။

သို့အတွက် အနာဂတ်ကာလတွင် စာပေပညာရှင်များ၏ ကလောင်စွမ်းအားဖြင့် ပြည်သူကို အသိပညာဗဟုသုတမျှဝေပေးသည့် စာအုပ်စာပေများ ရေးသားထုတ်ဝေပေးနိုင်ရန်နှင့် စာပေအရည်အသွေး မြင့်မားလာအောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ စာပေပညာရှင်များကလည်း တစ်ဦးချင်း တစ်ဖွဲ့ချင်းမှစပြီး အများပြည်သူကို ကောင်းကျိုးပြုနိုင်မည့် သုတ၊ ရသစာပေ၊ အတွေးအခေါ် မှန်ကန်ရင့်ကျက်စေမည့် စာပေ၊ ပေါ်ပင်မဟုတ် ဂန္ထဝင်မြောက်စာပေများကို ဦးစားပေးရေးသားဖွဲ့ဆိုပေးကြရန်လည်း အလေးနက်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးဦးဝင်းဖေ(မြဇင်)၊ ဆရာကြီးဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)နှင့် ဆရာကြီးဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဦးစိုးဝင်း၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဦးအေးမြင့်ကြူတို့က အမျိုးသားစာပေဆု ရရှိကြသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ဒေါ်စန္ဒာခင်၊ ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဝန်ကြီး ဦးစိုးမင်းတို့က စာပေဗိမာန်စာမူဆုရရှိကြသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စာပေဆုရရှိကြသူများကိုယ်စား ၂၀၁၄ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရဆရာကြီး ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)က ကျေးဇူးတင်စကားပြောကြားသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များ၊ အမျိုးသားစာပေဆုရှင် များ၊ စာပေဗိမာန်စာမူဆုရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားမစတင်မီ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဆုရစာပေပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ၂၀၁၄ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရစာပေပညာရှင်ကြီး သုံးဦးတို့အား ချီးမြှင့်သည့် ငွေကျပ် ၁၀ သိန်းစီကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းက ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ပြီး ယခင်က တစ်နှစ်လျှင် တစ်ဦးသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ယခုနှစ်အထိ အမျိုးသားစာပေ တစ်သက်တာဆုရှင်ကို သုံးဦးအထိ တိုးမြှင့်ရွေးချယ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ထို့အတူ ယခင်က တစ်သက်တာစာပေဆုကို ငွေကျပ် ခြောက်သိန်းချီးမြှင့်ခဲ့ရာမှ ယခု အစိုးရလက်ထက်တွင် အဆင့်ဆင့်တိုးမြှင့်ချီးမြှင့်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ် မှစ၍ ငွေကျပ် ၂၅ သိန်းအထိ ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

အလားတူ ယခင်က အမျိုးသားစာပေဆုကို ငွေကျပ်သုံးသိန်းချီးမြှင့်ခဲ့ရာမှ ယခု အစိုးရလက်ထက်တွင် အဆင့်ဆင့် တိုးမြှင့်ချီးမြှင့်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ငွေကျပ် ၁၅ သိန်းအထိ ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့ကာ အမျိုးသားစာပေဆုဘာသာရပ်များကိုလည်း အမျိုးအစားအလိုက် တိုးမြှင့် ရွေးချယ်ပေးခဲ့သည်။




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးဦးခင်မောင်စိုး(မောင်ပေါ်ထွန်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေဗိမာန်စာမူဆုများကိုလည်း ယခင်က ပထမဆုငွေကျပ် တစ်သိန်းခွဲ၊ ဒုတိယဆုငွေကျပ် တစ်သိန်းနှင့် တတိယဆုငွေကျပ် ခုနစ်သောင်းခွဲ ချီးမြှင့်ခဲ့ရာမှ ယခု အစိုးရလက်ထက်တွင် အဆင့်ဆင့်တိုးမြှင့်ချီးမြှင့်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ပထမဆုကို ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုကိုငွေကျပ် ငါးသိန်း၊ တတိယဆုကို ငွေကျပ် သုံးသိန်းအထိ ထပ်မံတိုးမြှင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရစာပေ ပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာအုပ်များအား ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

## ❂အာဖရိကမှ

တိုရေးက အဆိုပါဆုကို ဘာရာဟီမီ၊ အေယူး၊ အော့ဘာမီယန်၊ မာနီတို့အား ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်ပြီး ပရိသတ်များ ရွေးချယ်ခြင်းအတွက် ပိုမိုဂုဏ်ယူမိကြောင်းလည်းရင်းကပြောသည်။ တိုရေးမှာ ဆန်ခါတင်စာရင်းတွင် ခုနစ်ကြိမ်အထိပါဝင်ခဲ့သော်လည်း ယင်းဆုကို ယခုတစ်ကြိမ် အပါအဝင် နှစ်ကြိမ်သာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ တိုရေးသည် အိုင်ဗရီကို့စ်အသင်း အာဖရိကဖလားဆွတ်ခူးခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်ပြီး မန်စီးတီးအတွက်လည်း အကောင်းဆုံးခြေစွမ်းကို ဆက်ထိန်းထားနိုင်ဆဲအနေအထားပင်ဖြစ်သည်။

ဘီဘီစီ၏ မျက်မှောက်ရေးရာကဏ္ဍ အယ်ဒီတာ ကော်ကိုဖီက "ယာယာ တိုရေးရဲ့နိုင်ငံအသင်းအတွက် ဦးဆောင်မှုပေးနိုင်တဲ့ အခန်းကဏ္ဍတော့ လူငယ်ကစားသမားတွေအတွက် စံပြပါပဲ"ဟု ဆုချီးမြှင့်ပွဲတွင် ပြောကြားသည်။

# ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိသူများစာရင်း

| စဉ် | အကြောင်းအရာ | ဆုရရှိသူအမည် | စာပေအမျိုးအစား |
|---|---|---|---|
| ၁။ | အမျိုးသားစာပေ တစ်သက်တာဆု | (က) ဆရာကြီးဦးဝင်းဖေ (မြဇင်) | |
| | | (ခ) ဆရာကြီးဦးခင်မောင်စိုး (မောင်ပေါ်ထွန်း) | |
| | | (ဂ) ဆရာကြီးဦးကိုလေး (ကိုလေးအင်းဝဂုဏ်ရည်) | |
| ၂။ | အမျိုးသားစာပေဆု | (က) ဆရာမ စံပယ်ဖြူနု | ဝတ္ထုရှည်စာပေဆု<br>(မြောက်ဖျားဆီကအလွမ်းရာသီ) |
| | | (ခ) ဆရာကြူးနှစ် (ဘုန်းဘုန်းဦးတေမိ) | ဝတ္ထုတိုပေါင်းချုပ် စာပေဆု<br>(မာရ်နတ်ရဲ့စည်းစိမ်) |
| | | (ဂ) ဆရာမောင်လင်းကြည် | ကဗျာပေါင်းချုပ် စာပေဆု<br>(မိုးဦးလေဦး ကဗျာများ) |
| | | (ဃ) ဆရာတက္ကသိုလ် ခင်မောင်ဇော် | စာပဒေသာ စာပေဆု၊ တက္ကသိလာ<br>မြကျွန်းသာ(ရန်ကုန်တက္ကသိုလ်သမိုင်း) |
| | | (င) ဆရာဒေါက်တာမောင်ဖြေ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ<br>စာပေဆု (မွန်မြတ်သောကျေးဇူးဆပ်သူနှင့်<br>မွန်မြတ်သော ကျေးဇူးပြုသူ) |
| | | (စ) ဆရာဇော်မျိုးဟန်(ငါးသိုင်းချောင်း) | ကလေးစာပေဆု၊<br>( ပန်းစုံရွှေပြည်ကလေး ကဗျာများ) |
| | | (ဆ) ဆရာဆူးသစ် | လူငယ်စာပေဆု၊ (ခွန်အားရှိသောစာ၊<br>ခွန်အားရှိသောလူငယ်) |
| | | (ဇ) ဆရာနတ်မောက်အနီချို | ဘာသာပြန်(သုတ)စာပေဆု၊<br>(ကိုယ့်ကိုယ်ကိုယ်ကိုး တိုး၍သာဝင်) |
| | | (ဈ) ဆရာဟိန်းလတ် | ဘာသာပြန်(ရသ) စာပေဆု၊<br>(ကျွန်မမာလာလာ) |
| | | (ည) ဆရာဒေါက်တာတိုးလှ | သုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ်စာပေဆု၊<br>(လယ်ယာမြေသက္ကရာဇ်တွေထဲက သမိုင်း) |
| | | (ဋ) ဆရာကျော်ဦး | သုတပဒေသာ (ရိုးရိုးသိပ္ပံစာပေဆု)၊<br>(စွမ်းအင်နှင့် ဝန်းကျင်) |
| | | (ဌ) ဆရာရတနာစိုး | သုတပဒေသာ (အသုံးချသိပ္ပံစာပေဆု) (ဝါး) |
| | | (ဍ) ဆရာ ဒေါက်တာကျော်ဝင်း | နိုင်ငံရေးစာပေဆု၊<br>(နိုင်ငံရေးအတွေးအခေါ် သမိုင်း) |
| | | (ဎ) ဆရာဦးစိုင်းအောင်ထွန်း | အင်္ဂလိပ်ဘာသာ (သုတစာပေဆု)၊<br>(SHAN LEGENDS) |
| | | (ဏ) ဆရာ ဦးထွန်းအောင်ချိန် | အင်္ဂလိပ်ဘာသာ (ရသ စာပေဆု)၊<br>(MAUNG YIN MAUNG AND<br>MAME` MA) |
| ၃။ | စာပေဗိမာန် စာမူဆု | (က) ဆရာမ သွဲ့ထားညို(သက္ကလ) | ဝတ္ထုရှည်ဆု(ဒုတိယဆု)(အလင်းစေတမာန်) |
| | | (ခ) ဆရာစိုးမြင့်မောင်(သာရဝေါ) | ဝတ္ထုရှည်ဆု (တတိယဆု)<br>(မုန်းခက်ပြုံးတစ်သက်) |
| | | (ဂ) ဆရာကေ(တောင်တန်းပြာ) | ဝတ္ထုတိုပေါင်းချုပ်ဆု (ပထမဆု)၊<br>(အောက်ချင်းငှက်ကလေးရဲ့ ဒဏ္ဍာရီနှင့်<br>အခြားဝတ္ထုတိုများ) |
| | | (ဃ) ဆရာထွန်းလှိုင် (မြိုင်) | ဝတ္ထုတိုပေါင်းချုပ်ဆု(ဒုတိယဆု)<br>(မထိုးတစ်ကျပ် ထိုးတစ်ကျပ်နှင့်<br>ကိုယ်တွေ့ဝတ္ထုတိုများ) |
| | | (င) ဆရာရဲရင့်ကျော် | ဝတ္ထုပေါင်းချုပ်ဆု (တတိယဆု)၊<br>(သမုဒယဒီရေတောနှင့်အခြားဝတ္ထုတိုများ) |
| | | (စ) ဆရာ ပုလောစိုးနံ့သာ | ကဗျာပေါင်းချုပ်ဆု(ပထမဆု)၊<br>(ပြဒါးမဲ့မှန် ကဗျာများ) |
| | | (ဆ) ဆရာမောင်သာလင်း | ကဗျာပေါင်းချုပ်ဆု (ဒုတိယဆု)၊<br>(ချိုးကူသံလေး ပလွေတေးနှင့်<br>ငှါမွေးရပ်ရွာကဗျာများ) |
| | | (ဇ) ဆရာလွင်ဦး (ကွမ်းခြံကုန်း) | ကဗျာပေါင်းချုပ်ဆု (တတိယဆု)<br>(မူးမြစ်တေးသံ ကဗျာများ) |
| | | (ဈ) ဆရာဦးထွဏ်းလွင် (မိတ္ထီလာ) | သုတပဒေသာဝိဇ္ဇာပညာရပ်ဆု (ပထမဆု)၊<br>(လုံမ္ဗိနီကို တူးဖော်ခြင်း) |
| | | (ည) ဆရာဇော်လွင်ဦး (ဟသ်ာတ) | သုတပဒေသာဆု (ဝိဇ္ဇာပညာရပ်) (ဒုတိယဆု)၊<br>(ကွယ်ပျောက်လုဆဲ ယင်းတလဲ) |
| | | (ဋ) ဆရာစေတုတ္တရာ ချင်းလှထွန်း | သုတပဒေသာ ဝိဇ္ဇာပညာရပ်ဆု (တတိယဆု)<br>(မုန်းချောင်းရေပြာစေတုတ္တရာ) |
| | | (ဌ) ဆရာတီးတိုး (Geo Physics) | သုတပဒေသာ သိပ္ပံနှင့် အသုံးချသိပ္ပံ<br>ပညာရပ်ဆု (တတိယဆု)၊<br>(ကမ္ဘာ၊ နေ၊ နေမိသားစုနှင့် စကြဝဠာ) |
| | | (ဍ) ဆရာမောင်ချိုဝေ | စာပဒေသာဆု(ဆောင်းပါး) ပထမဆု၊<br>(ဇာတိစိတ်၏ ခေါ်ဆောင်ရာ) |
| | | (ဎ) ဆရာမအိချို | စာပဒေသာဆု (ဆောင်းပါး) ဒုတိယဆု၊<br>(ရွှေပိတောက် ) |
| | | (ဏ) ဆရာသောင်းညွှန့်သစ် (အမျိုးသားစာပေဆု) | စာပဒေသာဆု(ဆောင်းပါး)<br>တတိယဆု (သစ်ပင်တောတောင်တို့၏<br>ပရိယာယ် ) |
| | | (တ) စာရေးဆရာမ အိအိမွန် (ယဉ်ကျေးမှု) | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ<br>စာပေဆု (ဒုတိယဆု)၊<br>( ကချင်ရိုးရာ အနုလက်ရာ ဒီဇိုင်းများ ) |
| | | (ထ) ဆရာမခင်ညိုညိုမြင့် | မြန်မာ့ယဉ်ကျေးမှုအနုပညာဆိုင်ရာ<br>စာပေဆု (တတိယဆု)၊<br>( ငါးထုပ်ဖက်ပေါ်ကျသည့် ပျားရည်စက်) |
| | | (ဒ) ဆရာရဲဘော်မြသိန်း(ဟိုပုံး) | ကလေးစာပေဆု(ပထမဆု)၊<br>(ကျူရှင်နှင့် အခြား ကလေးဝတ္ထုတိုများ ) |
| | | (ဓ) ဆရာနန္ဒမိုးကြယ် | ကလေးစာပေဆု (ဒုတိယဆု)၊<br>(မင်္ဂလာရှိသောနေ့ ကလေးကဗျာများ) |
| | | (န) ဆရာသန်းအောင်(အညာမြေ) | ကလေးစာပေဆု (တတိယဆု)၊<br>(ရွှေစင်နှစ်ပွင့် ) |
| | | (ပ) ဆရာမအေပရယ်ယုနိုင် (ရွှေတောင်) | လူငယ်စာပေဆု (ပထမဆု)၊<br>(ကိုယ်တိုင်ရေးရောင်စုံပန်းချီကားတစ်ချပ်) |
| | | (ဖ) ဆရာမနွယ်နွယ်ဝင်း | နိုင်ငံရေးစာပေဆု (တတိယဆု)၊<br>(မြန်မာ့လွတ်လပ်ရေးမှတ်တိုင် ပြည်ခရိုင် )<br>၁၉၂၀-၁၉၄၈ |
| | | (ဗ) ဆရာဇင်မင်း(သမိန်ထော) | ပြဇာတ်စာပေဆု (ဒုတိယဆု)၊<br>(တောဟောဝန်လယ် တောင်စွယ် ဝေယံဦး) |
| | | (ဘ) ဆရာမောင်(မကွေး) | ပြဇာတ်စာပေဆု (တတိယဆု)၊<br>(လှေခွက်ချည်းကျန် အလံမလဲဟေ့ ) |
| | | (မ) ဆရာ Dr. Saw Mra Aung | အင်္ဂလိပ်စာမူဆု (ပထမဆု)၊<br>( A Glimpse into Part of ancient<br>Myanmar History and Fundamental<br>Buddhist Concepts ) |
| | | (ယ) ဆရာ ဒီပန်လင်း | ဘာသာပြန်စာမူဆု(ပထမဆု)၊<br>( မြစ်နဒီတို့ ခန်းခြောက်လေသောအခါ) |

(သတင်းစဉ်)

## ယနေ့ကျောက်စိမ်းအတွဲ ၁၇၅၀ ဆက်လက်ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲအား ဒီဇင်ဘာ ၇ ရက်မှ စတင်ပြီး နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့တွင်လည်း ကြည့်ရှုလေ့လာသူများ၊ တင်ဒါတင်သွင်းဝယ်ယူသူများနှင့် စည်ကားလျက်ရှိသည်။



ယနေ့ ကျောက်စိမ်းအတွဲပေါင်း ၁၇၅၀ ကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ပြီး ယမန်နေ့ ကျောက်စိမ်းအတွဲပေါင်း ၁၇၅၀ အနက် အတွဲ ၁၃၄၀ ကို တင်ဒါအောင်မြင်ကြောင်း သိရသည်။

ပြပွဲတွင် ဗဟိုကော်မတီအနေဖြင့် လာရောက်ဝယ်ယူကြသူများ သိရှိဆောင်ရွက်နိုင်ရန် အချက်အလက်များကို မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ LED ဘုတ်များဖြင့် ကြေညာပေးလျက်ရှိသည်။

ဒီဇင်ဘာ ၁၃ ရက် ပြပွဲနောက်ဆုံးနေ့တွင်လည်း ကျောက်စိမ်းအတွဲ ၁၅၇၆ တွဲကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဒီဇင်ဘာ(ဒုတိယပတ်)လူထုအားကစားလစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ပြီး စုစုပေါင်းအင်အား ၃၀၀၀ ခန့် စုပေါင်းလမ်းလျှောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တနင်္ဂနွေအထူးထုတ် ခေတ္တရပ်နားမည်

ကြေးမုံသတင်းစာ၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည့် တနင်္ဂနွေအထူးထုတ် (၈)မျက်နှာကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း စာဖတ်ပရိသတ်များအား အသိပေးအပ်ပါသည်။

# အထူးကုန်စည်ခွန်ဥပဒေကြမ်း

(ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**အထူးကုန်စည်ခွန်ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ် ၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အထူးကုန်စည်ခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ငွေလည်း ပါဝင်သည်။

(ခ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဂ) **အထူးကုန်စည်** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို ဆိုသည်။

(ဃ) **ထုတ်လုပ်မှု**ဆိုသည်မှာ အထူးကုန်စည်ကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေထုတ်လုပ်ခြင်းကို ဆိုသည်၊ ယင်းစကားရပ်တွင် သဘာဝနည်းဖြင့်ဖြစ်စေ၊ ဖန်တီးပြုပြင်သည့်နည်းဖြင့် ဖြစ်စေ ကုန်စည်များ ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ ပါဝင်သည့်အပြင် အောက်ပါတို့လည်း ပါဝင်သည်-

(၁) **အရက်၊ ဘီယာ၊ ဝိုင်အပါအဝင်** အဖျော်ယမကာ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် ကိစ္စ၌ ဝယ်ယူသူ၏တောင်းဆိုချက်အရ ရောစပ်ပြုပြင်ခြင်းမှတစ်ပါး ပေါင်းခံခြင်း၊ သန့်စင်ရန်နှင့် အနံ့အရသာဖြည့်စွက်ရန် ထပ်မံပေါင်းခံခြင်း၊ အချဉ်ဖောက်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သောက်သုံးရန် ယမကာအဆင့်အတွက် လိုအပ်သည့်ပစ္စည်းများ ဖြည့်စွက်ခြင်းနှင့် အခြားနည်းပြုပြင်ခြင်း။

(၂) ဆေးရွက်ကြီးနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဆေးရွက်ကြီးအရွက် သို့မဟုတ် ဆေးရွက်ကြီးကုန်ကြမ်းမှ သောက်သုံးရန်၊ ရှူရှိုက်ရန်၊ ဝါးရန်သင့်လျော်သည်အထိ ပြုပြင်ပြောင်းလဲသည့် ဖြစ်စဉ်နှင့် ဆေးရွက်ကြီးမှ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်နှင့် အလားတူပစ္စည်းများ ပြုလုပ်ခြင်း၊

(၃) အခြားအထူးကုန်စည်များနှင့် သက်ဆိုင်သည့်ကိစ္စ၌ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အရည်အသွေးကို လည်းကောင်း၊ သဘာဝ၊ အရွယ်အစား၊ ပုံပန်းသဏ္ဍာန်၊ ပေါင်းစပ်ဖွဲ့စည်းမှုကို လည်းကောင်း ပြောင်းလဲခြင်းနှင့် အစိတ်အပိုင်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းများစုစည်းခြင်း။

(င) **ထုတ်လုပ်သူ**ဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင် ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ ဖြစ်စေ ထုတ်လုပ်သူကို ဆိုသည်။

(စ) **တင်သွင်းသူ**ဆိုသည်မှာ အခွန်ကျသင့်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို ပြည်ပမှတင်သွင်းသူကို ဆိုသည်။

(ဆ) **ရောင်းချခြင်း**ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့် ဖြစ်စေ၊ အကြွေးစနစ်ဖြင့် ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့် ဖြစ်စေ ရောင်းချခြင်းကိုဆိုသည်။

(ဇ) **အထူးကုန်စည်ပိုင်ရှင်** ဆိုသည်မှာ အထူးကုန်စည်ကို ပိုင်ဆိုင်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် အထူးကုန်စည်၏ ပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည်ကို စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိသော ကိုယ်စားလှယ် သို့မဟုတ် အထူးကုန်စည်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

(ဈ) **ခရီးသွားသူ**ဆိုသည်မှာ ပြည်ပခရီးစဉ်ဆိုင်ရာ သွားလာမှုအထောက်အထားများ ကိုင်ဆောင်ထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုက်ရိုက်ခရီးသွားလက်မှတ် ကိုင်ဆောင်၍ခရီးစဉ်အရ တစ်ထောက်နားခရီးအဖြစ်ရောက်ရှိပြီး အခြားနိုင်ငံတစ်ခုခုသို့ ဆက်လက်ထွက်ခွာမည့်သူလည်း ပါဝင်သည်။

(ည) **ကုန်းပေါ်ရောက်တန်ဖိုး**ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့် တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သော ငွေကို ဆိုသည်။

(ဋ) **အခွန်လွတ်အရောင်းဆိုင်**ဆိုသည်မှာ အထူးကုန်စည်များကို ခရီးသွားသူများအားရောင်းချရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိထားသည့် အရောင်းဆိုင်ကို ဆိုသည်။

(ဌ) **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး**ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့် အခွန်မပါသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ရောင်းဈေးတန်ဖိုးကို ဆိုသည်။

(ဍ) **ဈေးကွက်ပေါက်ဈေး**ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီရောင်းဈေးသတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့်အညီတွက်ချက်ရရှိသည့် ခန့်မှန်းရောင်းဈေးကို ဆိုသည်။

(ဎ) **ကြေညာလွှာ**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက မိမိ၏ ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက် တင်သွင်းသောပုံစံကို ဆိုသည်။

(ဏ) **စည်းကြပ်ခြင်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန် သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကိုယ်တိုင်က တွက်ချက်အခွန်ပေးဆောင်ပြီး ကြေညာလွှာ တင်သွင်းစည်းကြပ်မှု ခံယူခြင်းလည်း ပါဝင်သည်။

(တ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို ကောက်ခံပေးရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသည့် ဦးစီးအရာရှိ များလည်း ပါဝင်သည်။

**အခန်း(၂)**

**အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန်တာဝန်ရှိစေခြင်း**

၄။ (က) မည်သူမဆိုအောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဤဥပဒေ၏ နောက်ဆက်တွဲ ဇယားတွင်ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်။

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၂) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၃) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

(ခ) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို လက်ဝယ်ထားရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ဂ) အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅။ ဥပဒေပုဒ်မ ၄ အရ အခွန်ကျသင့်သည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍-

(က) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက -

(၁) အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့် အတူ ကောက်ခံပေး ရမည်။

(ခ) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို ထုတ်လုပ်သူက ပေးဆောင်ရမည်။

(ဂ) ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို တင်ပို့သူက ပေးဆောင်ရမည်။

၆။ (က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် -

(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(၂) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယားပါ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) အခွန်ပေးဆောင်ခြင်း မရှိသေးသော ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ပိုင်ဆိုင်ထားသည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းဈေးတန်ဖိုး သတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အခွန်ထမ်းက လိုအပ်သည့် သတင်းအချက်အလက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးကလည်း ထိုသတင်းအချက်အလက်များကို တောင်းယူရမည်။

၇။ (က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု သတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည် -

(၁) ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည် ထုတ်လုပ်သည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

(ခ) အထူးကုန်စည် ရောင်းဈေးတန်ဖိုး တွက်ချက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ် အတည်ပြုထားသည့် ဈေးကွက်ပေါက်ဈေးကို အခြေခံရမည်။

(၂) ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံရမည်။

၈။ (က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့် အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည် -

(၁) အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်။

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည် ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၃)**

**အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ**

၉။ (က) အောက်ဖော်ပြပါ အထူးကုန်စည်များအတွက် အခွန်မကျသင့်စေရ -

(၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့တင်ပို့သော အထူးကုန်စည်များ၊

(၂) ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊

(၃) ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊

(၄) ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ယာယီတင်သွင်းသော အထူးကုန်စည်များ၊

(၅) ပြည်တွင်း ပြည်ပ အလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊

(၆) အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာ ကွန်ဗင်ရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊

(၇) ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည် တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည်အောက်ဖော်ပြပါကိစ္စရပ်များအတွက် အခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းပြုနိုင်သည်-

(၁) ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့အဖြစ်ပေးအပ်သော အထူးကုန်စည်များသို့မဟုတ် အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊

(၂) ဘာသာရေး၊ ကုသိုလ်ရေးသက်သက်အတွက် အသုံးပြုရန် တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊

(၃) တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမူတွင် ပါဝင်သည့် အထူးကုန်စည်များ၊

(၄) နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန် တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ။

၁၀။ အောက်ဖော်ပြပါ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(၁) ပြန်လည်တင်ပို့ခြင်း အစီအစဉ်ဖြင့် ပြည်ပမှ ယာယီအားဖြင့် တင်သွင်းလာသည့် အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန်နည်းလမ်းများ၊

(၂) အခွန်ပြန်အမ်းငွေ ထုတ်ပေးခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ။

စာမျက်နှာ ၁၁ သို့

## ဥပဒေကြမ်း

စာမျက်နှာ ၁၀ မှ

၁၁။ အထူးကုန်စည် ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့် အခွန်မှ ယင်းအထူးကုန်စည်ကို ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ ဝယ်ယူသော ကုန်ကြမ်းများ၊ တစ်ပိုင်းတစ်စ ကုန်စည်များ တင်သွင်းစဉ် သို့မဟုတ် ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်နိုင်သည်။ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း(၄)
### တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိဦးစီးဌာန ဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ အကောင်အထည်ဖော်ဆောင်ရွက်စေနိုင်သည် -

(က) အထူးကုန်စည်၏ ဈေးကွက်ပေါက်ဈေး သတ်မှတ်ခြင်းနှင့် ယင်းဈေးကွက်ပေါက်ဈေးကို အခြေပြု၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ခန့်မှန်းရောင်းဈေး သတ်မှတ်ခြင်း၊

(ခ) သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များအတွက် အခွန်ပေးဆောင်ရမည့် နည်းလမ်းသတ်မှတ်ခြင်း၊ အခွန်ပေးဆောင်ရမည့် နေ့ရက် တိုးမြှင့်သတ်မှတ်ခြင်း၊

(ဂ) လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဃ) ပုံစံများ သတ်မှတ်ပေးခြင်း၊

(င) လုပ်ငန်းဥပစာနေရာများ၊ အထူးကုန်စည်များနှင့် မှတ်တမ်းများကို ဝင်ရောက် ကြည့်ရှုခြင်း၊

(စ) အထူးကုန်စည်များရွှေ့ပြောင်းခြင်းကို စစ်ဆေးခြင်းနှင့် ကန့်သတ်ခြင်း၊

(ဆ) အထူးကုန်စည်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ဇ) နမူနာပစ္စည်းများရယူ၍ ကိုင်တွယ်ဖြေရှင်းခြင်း။

### အခန်း(၅)
### မှတ်ပုံတင်ခြင်း

၁၃။ (က) အထူးကုန်စည် ထုတ်လုပ်သူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည် ထုတ်လုပ်သူထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် အကြောင်းကြားစာ ပေးပို့ အကြောင်းကြားနိုင်သည်။

(ဂ) သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။

### အခန်း (၆)
### ကြေညာလွှာ တင်သွင်းခြင်း

၁၄။ (က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကို ပေးဆောင်ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည်ထုတ်လုပ်သူ မည်သူ့ကိုမဆို အထူးကုန်စည်များ ထုတ်လုပ်နေသည်ဟု ယူဆရန် အကြောင်းရှိလျှင် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်အခွန် ပေးဆောင်စေရန်နှင့် ကြေညာလွှာကို ပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

### အခန်း (၇)
### စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း

၁၅။ (က) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါ အချက်အလက်များမှ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှုပမာဏကို မှန်ကန်စွာမရရှိနိုင်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံ အထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍အထူးကုန်စည် ထုတ်လုပ်ရောင်းချသည့်လ ကုန်ဆုံးပြီး တစ်လအတွင်း အထူးကုန်စည် ထုတ်လုပ်သူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက် တောင်းခံခြင်းပြုနိုင်သည်။

၁၆။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်ရမည့် ငွေထက်ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

### အခန်း (၈)
### ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း

၁၇။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါ အကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပြန်လည်စည်းကြပ်ခြင်း ပြုလုပ်နိုင်သည်-

(၁) အခွန် ပေးဆောင်ထိုက်လျက် လွတ်ကင်းနေခြင်း၊

(၂) အခွန်လျော့နည်းစည်းကြပ်ခဲ့ခြင်း။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက် တောင်းခံရမည်။

၁၈။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မိမိဆောင်ရွက်ခဲ့သည့် စည်းကြပ်မှုနှင့် စပ်လျဉ်း၍ မှတ်တမ်း၌ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းက တင်ပြလျှင်ဖြစ်စေ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်ပြင်ဆင်နိုင်သည်။

(ခ) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သည် မိမိဆောင်ရွက်သည့် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အယူခံသူက တင်ပြလျှင်ဖြစ်စေ အယူခံ အမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်ဆင်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ တွက်ချက်ရမည့်အပြင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက် ပြုလုပ်ရန်ဖြစ်လျှင် အခွန်ထမ်း သို့မဟုတ် အယူခံသူကို ဖြေရှင်းခွင့်ပေးရမည်။

### အခန်း(၉)
### အယူခံခြင်း

၁၉။ (က) အခွန်ထမ်းက မကျေနပ်လျှင် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ အယူခံဝင်နိုင်သည် -

(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက စည်းကြပ်ခြင်းပြုသည့် အခွန် **ကျပ် ၁၀ သိန်း**ထက်ပိုလျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၊

(၂) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန်**ကျပ်သိန်း ၁၀၀ ထက်** ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့်ဥပဒေရေးရာပြဿနာနှင့် သက်ဆိုင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

(ခ) အခွန်ထမ်းသည်-

(၁) မိမိနှင့် သက်ဆိုင်သော မည့်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမဆို မကျေနပ်လျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ခွင့် ရှိသည်။

(၂) မြို့နယ်အခွန်ဦးစီးဌာနမှူးက ထုတ်ပေးသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ရရှိသည့် နေ့မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း အယူခံလွှာ တင်သွင်းရမည်။

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည်ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်ကို မကျေနပ်လျှင် ယင်းမကျေနပ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း အယူခံလွှာ တင်သွင်းရမည်။

(ဃ) အယူခံဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့် အမိန့်မိတ္တူကူးရန် လိုအပ်သည့်ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့် ကာလ။

(င) ပုဒ်မခွဲ (ခ)နှင့် (ဂ) ပါ ကာလစည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လျှော့ပေါ့၍ လက်ခံနိုင်သည်။

(စ) အယူခံဝင်လိုသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ပြီးမှသာ အယူခံခွင့်ရှိသည် -

(၁) ပေးဆောင်ရမည့်အခွန်ကို အကျေပေးသွင်းခြင်း၊

(၂) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ စည်းကြပ်အခွန်၏ ငါးဆယ်ရာခိုင်နှုန်း ပေးသွင်းလျက် အယူခံခွင့်ပြုရန်လျှောက်ထား၍ ယင်းကဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(ဆ) သက်ဆိုင်ရာအယူခံရုံးသည် အယူခံမှုကို ဆုံးဖြတ်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သော အမိန့်ကို ချမှတ်နိုင်သည်။

(ဇ) အခွန်သည်**ကျပ် ၁၀ သိန်း ထက်မပိုလျှင်** မြို့နယ်အခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်သည် လည်းကောင်း၊ အခွန်သည် **ကျပ်သိန်း ၁၀၀ ထက် မပိုလျှင်** ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်သည် လည်းကောင်း၊ အခွန်သည် **ကျပ်သိန်း ၁၀၀ အထက်ဖြစ်ပြီး** ဥပဒေရေးရာ ပြဿနာမပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ်ဖြစ်စေရမည်။

(ဈ) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက် တစ်ခုခုပေါ်ပေါက်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အယူခံသူကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ အခွန်အယူခံခုံအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ယင်းအဖွဲ့ထံသို့ အဆိုပြုနိုင်သည်။

(ည) ပုဒ်မခွဲ(ဈ)အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်းခံရသူက ငြင်းပယ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

### အခန်း(၁၀)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ အောက်ဖော်ပြပါအချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသူကို သက်ဆိုင်ရာ ပျက်ကွက်မှု တစ်မျိုးစီအတွက် အောက်ဖော်ပြပါအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုနိုင်သည်-

(က) သက်ဆိုင်ရာ နှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(ခ) ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေးနိုင်ရေးအတွက် ဤဥပဒေအရ တောင်းခံသည့် သတင်းအချက်အလက်များ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(ဂ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် ယင်းကုန်စည်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်း ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊

(ဃ) ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(င) ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာလအတွက် ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည် တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

၂၁။ (က) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် အထူးကုန်စည်နှင့်သက်ဆိုင်သည့် အချက်အလက်များကို ထိန်ချန်ကြောင်း တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသော ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည် ထုတ်လုပ်မှု ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်လျှင် ပုဒ်မခွဲ(ခ) ပါ အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံးကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။

၂၂။ ပုဒ်မ ၂၁(က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိန်ချန်ခဲ့သည့် အထူးကုန်စည် ပမာဏနှင့် သက်ဆိုင်သည့်အချက်အလက်များကို လျော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ဆက်လက်ဖော်ပြပါမည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃ - ၁၂ -၂၀၁၅ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၇း၃၅ Business NEWS
၈း၃၅ အောင်မြင်သူနှင့်အတူ (မိုးလေဝသပညာရှင်-ဦးထွန်းလွင်)
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ "ဂျပန်တို့၏ပင်လယ်ရေမှ ဆားဖယ်ထုတ်ခြင်းနည်းပညာ"
၁၀း၄၅ ကဗျာရိပ်မြုံ(တောက်တဲ့)
၁၁း၁၅ "တန်ဖိုးထားထိန်းသိမ်းပါအစဉ် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်" (မြိတ်ကျွန်းစုများဆီသို့)
၁၂း၅၀ ဖြူ/မည်းရုပ်ရှင်"ပွေလီဝေလင်း" (အောင်လွင်၊ ဇော်လင်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ- စံရွှေမောင်)
၃း၃၅ Business NEWS
၅း၁၅ "ကမ္ဘာ့အကြီးဆုံးစာအုပ်"
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၀ "အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) တည်ဆောက်ရေးစီမံကိန်း"
၉း၀၀ ပြည်တွင်းသတင်း -Tasty Trip (ကရင်ပြည်နယ်ရှိဂူများ) -ဆိုကြမယ်၊ ပျော်ကြမယ်

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "မဟာသတိပဋ္ဌာနသုတ္တန်" (အပိုင်း-၁၂)တရားတော် (ဓမ္မဒူတဒေါက်တာအရှင် ပညိဿရာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၉)
၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၆၃)
၉း၄၀ Weekly Sports Diary
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့ လက်ရာ
၁၁း၂၅ MRTV-4 ရုပ်မြင်ဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၅၅+၅၆)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရမ္မက်လွန်ပန်း တစ်ပွင့်(အပိုင်း-၁)]
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၉)
၃း၄၀ Assumption University MBA Graduation Ceremony
၆း၁၀ Health Fix
၇း၂၀ Fashion Week
၁၀း၄၀ MRTV-4 Stage
၄း၄၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ(ထားဝယ်မြို့ရှိ တန်ခိုးကြီးမားဘုရား စေတီပုထိုးများ)

## မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၅ မျိုးချစ်တပ်မတော်
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်နဲ့ မာန
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ (အပိုင်း-၁၇)
၂း၃၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂါလီမာ(အပိုင်း-၈၆)
၅း၄၀ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်သက်တံများ (အပိုင်း-၇) -VOA အင်္ဂလိပ်စာသင်ခန်းစာ -ပဟေဠိနန်းတော် -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၂၆)

## mitv

07:26 Gardener: King Orange Plantation
07:40 Buddha Image Built Of Bamboo Strip
07:52 Talented Musicians
08:26 Woodcut Artist
08:43 Tea Leaves
08:51 Great Minds of Myanmar (Anthropologist U Kyaw Win)
09:26 A Famous Pagoda in the Sea
09:50 Black Gold (Part- I)
10:26 A bike in pursuit of Mural Art (Episode-1)
10:44 The Art of Making Glaze Ware
07:26 Sons of the lake
07:49 Today Myanmar "Private Teak Plantation"
08:26 Bogalay Tint Aung: A Man of Versatility (Part- 2)
08:53 Myanmar Masterclass: Cubism

# အမီတာဘဂျမ်း မသေပါ




ပြီးခဲ့တဲ့ ဒီဇင်ဘာ၁၀ရက်က အွန်လိုင်းမှာ အမီတာဘဂျမ်းသေဆုံးသွားပြီလို့ ပျံ့နှံ့ခဲ့တဲ့အပေါ် စိတ်အနှောင့်အယှက်မဖြစ်ဘဲ ဝမ်းတောင်သာမိတယ်လို့ အသက် (၇၃) နှစ်ရှိပြီဖြစ်တဲ့ အိန္ဒိယသရုပ်ဆောင်ကြယ်ပွင့်ကိုယ်တိုင်က မီဒီယာမက်စ်ကို သတင်းပေးခဲ့ပါတယ်။ အမီတာဘဂျမ်း သေဆုံးခဲ့တဲ့သတင်းက ကမ္ဘာ့ရုပ်ရှင်ကြည့် ပရိသတ်တွေရဲ့ အာရုံကို အများဆုံးဆွဲဆောင်နိုင်ခဲ့ပြီး တစ်နေ့တည်းမှာပဲ ဖေ့စ်ဘွတ်မှာ Like ရရှိမှု တစ်သန်းတောင်ရှိခဲ့ပါတယ်။

ဒီဇင်ဘာ၁၀ရက်က ဖေ့စ်ဘွတ်စာမျက်နှာမှာ " ဒီဇင်ဘာ၁၀ရက် အိန္ဒိယ စံတော်ချိန် နံနက် ၁၁ နာရီမှာ ကျွန်တော်/ကျွန်မတို့ ချစ်ခင်ရတဲ့ သရုပ်ဆောင် အမီတာဘဂျမ်း ကွယ်လွန်သွားခဲ့ပါပြီ။ အမီတာဘဂျမ်းကို ၁၉၄၃ အောက်တိုဘာ ၁၁ ရက်မှာ အလာဟဒတ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ တကယ်လို့ သူ့ကိုချစ်ခင်တယ် ဆိုရင် Like သို့မဟုတ် Comment ပေးပြီး ထောက်ခံကြောင်းပြပေးပါ"လို့ တင်ခဲ့ပါတယ်။

ထို့နောက် လူ ၁၀၀ ကျော်လောက်က ဒီသတင်းကို ဖေ့ဘွတ်ခ်မှာချက်ချင်း Share ပြီး တင်ခဲ့ကြသလို တွစ်တာပေါ်မှာလည်း ပရိသတ်စိတ်အဝင်စားဆုံး သတင်းတစ်ပုဒ်အနေနဲ့ ရှိနေခဲ့ပါတယ်။အမီတာဘဂျမ်းသေဆုံးတဲ့ကောလဟာလ က အခုမှစဖြစ်လာခဲ့တာမဟုတ်ဘဲ ၂၀၀၅ မှာ တစ်ကြိမ်၊ ပြီးခဲ့တဲ့ ဧပြီလမှာတုန်းကလည်း တစ်ကြိမ်ထွက်ခဲ့ပါသေးတယ်။

သူကတော့ သူဟာ ဘယ်သူသတ်လို့မှမသေလည်း အွန်လိုင်းက သတ်လို့ ခဏခဏ သေနေရတယ်လို့ ဟာသနှောကာ ဒီသတင်းကို ငြင်းဆန်ခဲ့ပါတယ်။ ဒီဇင်ဘာ ၁၂ ရက်နေ့က ထုတ်ပြန်တဲ့ အိန္ဒိယသရုပ်ဆောင်များရဲ့ ၂၀၁၅ ခုနှစ် ဝင်ငွေအကောင်းဆုံး စာရင်းမှာ အဆင့်(၃)နေရာက ရပ်တည်နေပြီး သူဟာ မကြာခင်ကာလအတွင်း ရုပ်ရှင်ဇာတ်ကားနှစ်ကားကို ဆက်တိုက်ရိုက်ကူးသွားမယ်လို့ သိရပါတယ်။




# ရုံတင်ရက် တစ်နှစ်နီးပါးနောက်ကျတော့မယ့် The Little Prince ကာတွန်းကား

အော်စကာဆုရှင် ဒါရိုက်တာ မာ့ခ်အော့ဘော်နီ ရိုက်ကူးတင်ဆက်တဲ့ The Little Prince ကာတွန်းကားကို မူလက လာမယ့် ၂၀၁၆ မတ် ၁၈ ရက်မှာ ရုံတင်ဖို့စီစဉ်ထားပေမယ့် အခုတော့ တစ်နှစ်နီးပါးနောက်ကျပြီး ၂၀၁၇ ဇန်နဝါရီ ၁၇ ရက် ကျမှသာ ရုံတင်နိုင်တော့မှာဖြစ်တယ်လို့ ပါရာမောင့် ရုပ်ရှင်ထုတ်လုပ်ရေးတာဝန်ရှိသူတစ်ဦးက ဟောလီဝုဒ်ရီပို့တာ ဝက်ဘ်ဆိုက် ကို ပြောပါတယ်။ ပါရာမောင့်နဲ့ နစ်ကယ်လိုဒီယန်းတို့ ပူးပေါင်းတင်ဆက်မယ့် Monster Trucks ရုပ်ရှင်ကားမှာ လိုအပ်တဲ့နည်းပညာရပ်တွေကို ထပ်မံဖြည့်ဆည်းလုပ်ဆောင်ရဦးမှာဖြစ်တာကြောင့် အခုလိုရုံတင်မယ့်ရက်ကို တစ်နှစ်နီးပါးနောက်ကျပြီး ရွှေ့ဆိုင်းလိုက်ရတာဖြစ်ပါတယ်။

ဒီဇာတ်ကားက ၁၉၄၃ ခုနှစ်မှာ ပြင်သစ်နာမည်ကြီးစာရေးဆရာ အန်ထော်နီစိန့်အိပ်ပီရီ ရေးသားခဲ့တဲ့ The Little Prince ဝတ္ထုကို အီရီနာ ဘရင်းနားက ဇာတ်ညွှန်းပြန်လည် ပြင်ဆင်ရေးဖွဲ့ထားတဲ့ ဇာတ်အိမ်ခိုင်ခန့်တဲ့ ကာတွန်းကားဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံနောက်ခံ အင်္ဂလိပ်စကားပြော ကာတွန်းကားဖြစ်ပြီး ဇာတ်လမ်းဇာတ်ကွက်ခိုင်မာမှုကြောင့် ကလေးပရိသတ်သာမက လူကြီးပရိသတ်တွေပါ ကြိုက်နှစ်သက်မယ့် ဇာတ်ကားပါ။

အသံသရုပ်ဆောင်များအဖြစ် မက်ကန်ဇီဖွိုင်း၊ ဂျက်ဘရစ်ချ်နဲ့ ရီလေးအော့ဘော်နီအပြင် ဂျိမ်းစ် ဖရန်ကို၊ ပေါလ်ရုဒ်၊ ဘာနာစီယို ဒယ်လ်တိုရိုတို့က လည်း ပါဝင်အားဖြည့်ထားကြပါတယ်။ ယင်းဇာတ်ကားရဲ့ နမူနာကို ပြီးခဲ့တဲ့ ၂၀၁၅ ဧပြီ ၂၁ ရက်ကပဲ ပရိသတ်တွေ ကြည့်ရှုခဲ့ရမှာပါ။ ဒီဇာတ်ကားကို ပြင်သစ်နိုင်ငံမှာ အရင်ရုံတင်ပြသပြီးမှသာ အမေရိကန်ပြည်ထောင်စုမှာ ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# အချစ်သံသရာ ဝဲဂယက်ထဲက ဂျက်စတင်ဘီဘာ



ဆယ်လီနာဂိုးမက်ဇ်က အင်စတာဂရမ်မှာတက်နေတဲ့ ဂျက်စတင်ဘီဘာရဲ့ ပုံတွေနဲ့ပတ်သက်ပြီး စိုးစဉ်းမှတောင် မနာလိုစိတ်မဖြစ်မိဘူးလို့ ဆိုခဲ့ပါတယ်။ ဆယ်လီနာက ဘီဘာနဲ့ စင်ဒီကင်ဘာလေတို့ပုံတွေ အင်စတာဂရမ်မှာ တက်လာတာက သူနဲ့ နီးလ်ဟော်ရန်တို့ရဲ့ ပတ်သက်မှုအပေါ် လက်စားချေချင်လို့ သက်သက်သာ လုပ်ဆောင်တဲ့ ကိစ္စရပ်ဆိုတာကို သိနေတာကြောင့် ဘာမှထူးထူးခြားခြား မခံစားရဘူးလို့ ပြောခဲ့ပါတယ်။

ဆယ်လီနာနဲ့ နီးစပ်သူတစ်ဦးကတော့ "ဆယ်လီနာက ဂျက်စတင်ဘီဘာရဲ့ အင်စတာဂရမ်ကပုံတွေဟာ သူ့ကို နီးလ်နဲ့ ကိစ္စမကျေနပ်လို့သာ သက်သက်လုပ်ဆောင်တဲ့ ကိစ္စရပ်ဆိုတာ သိနေတာပဲ။ ဒါက ကလဲ့စားချေချင်လို့သာ ရည်ရွယ်ပြီး လုပ်ဆောင်ထားတဲ့ ပုံစံကြီးပဲ"လို့ ဟောလိဝုဒ် ဒေါ့ကွန်းကို သတင်းပေးပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ဘီဘာနဲ့ ဆယ်လီနာတို့ မကြာခဏတွေ့ဆုံနေကြပြီး သူတို့နှစ်ဦး ပြန်တွဲတော့မှာလားဆိုတဲ့သတင်းတွေ ထွက်လာခဲ့ပေမယ့် နီးလ်ဟော်ရန်နဲ့ ဆယ်လီနာတို့ရဲ့ ပုံတွေကြောင့် ဘီဘာအနေနဲ့ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရတာပါ။ ဆယ်လီနာက သူဟာ ဘယ်တုန်းကမှ နီးလ်ဟော်ရန်ကို စိတ်မဝင်စားခဲ့ပေမယ့် နီးလ်က သူ့ကိုနမ်းခဲ့ပြီးနောက်မှာ ခံစားချက်တွေ ပြောင်းသွားတယ်လို့ အဆိုပါ ပုဂ္ဂိုလ်ကပဲ ဆက်ပြောပါတယ်။

ဒါကြောင့် ကလေးဆန်တဲ့ ဂျက်စတင်က သူနဲ့ စင်ဒီတို့ အရှုံးအမူးဖြစ်နေတဲ့ ပုံရိပ်တွေကို ပြန်တင်ပြီး ဆယ်လီနာနဲ့ နီးလ်တို့ ပတ်သက်မှုကို သူ့အနေနဲ့ ဂရုမစိုက်ကြောင်း တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။ ဆယ်လီနာကတော့ နီးလ်ဟောရန်အပေါ်မှာသာ လက်တလောစိတ်ဝင်စားမှုပိုနေပြီး ဘီဘာကို လျစ်လျူရှုထားတယ်လို့ သိရပါတယ်။

# ခရစ္စမတ်မတိုင်မီ လက်ထပ်ဖို့စီစဉ်နေတဲ့ ဖရန့်လမ်းပတ်နဲ့ ခရစ္စတင်းဘာရိတ်ကလေ

ဖရန့်လမ်းပတ်နဲ့ ခရစ္စတင်းဘာရိတ်ကလေတို့နှစ်ဦး ဒီနှစ်ခရစ္စမတ်ကာလ မတိုင်မီလက်ထပ်တော့မှာ ဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။ အသက်(၃၆) နှစ်အရွယ် ရုပ်သံအစီအစဉ်တင်ဆက်သူ ခရစ္စတင်းဘာရိတ်ကလေနဲ့ အသက်(၃၇) နှစ်ရှိနေပြီဖြစ်တဲ့ အင်္ဂလန်ဘောလုံးသမား ဖရန့်လမ်းပတ်တို့နှစ်ဦးက ခြောက်နှစ်တာ အတူနေထိုင်ခဲ့ကြပြီး စေ့စပ်ပြီးလေးနှစ်အကြာမှသာ အခုလို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

အခုလို လက်ထပ်တော့မယ့် အစီအစဉ်ကို လွန်ခဲ့တဲ့ ခြောက်လကတည်းက လမ်းပတ်က အင်တာဗျူးတစ်ခုမှာ အတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကို ချယ်လ်ဆီးနည်းပြ မော်ရင်ဟို၊ ဂျွန်တယ်ရီ၊ ရီယိုဖာဒီနန်နဲ့ ဝိန်းရွန်းနီတို့လည်း တက်ရောက်ကြမှာ ဖြစ်ပါတယ်။ လမ်းပတ်ကတော့ ဒီလက်ထပ်မယ့်သတင်းက အားလုံးမျှော်လင့်ထားပြီးသား အခြေအနေမျိုးသာ ဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

မေလဲ့သင်း - စုစည်းသည်

တစ်ပတ်အတွင်းအားကစားသုံးသပ်ချက်

# တင်းနစ်လောကကို နှုတ်ဆက်ဖို့ စိတ်ပိုင်းဖြတ်ထားသင့်တဲ့ ဖက်ဒါရာ

မေ လွဲ့ သင်း




တင်းနစ်လောကမှာ ဂရင်းစလင်း(၁၇) ကြိမ်ရရှိခဲ့တဲ့ ဆွစ်ဇာလန်ကစားသမား ဖက်ဒါရာကို အကောင်းဆုံးကစားသမားလို့ ဘာကြောင့် သတ်မှတ်နေကြတာလဲ။ သူဟာ ဂရင်းစလင်းအရေအတွက် စံချိန်တင်ရရှိထားလို့လား။ ဒါမှမဟုတ်သူ့ရဲ့ အောင်မြင်မှုတွေကို အခြားပြိုင်ဘက်တွေက အခုထိ မလိုက်နိုင်သေးလို့လား။ ဒီအချက်နှစ်ချက်က ယေဘုယျအားဖြင့် အကောင်းဆုံး ကစားသမားလို့ သတ်မှတ်ရမယ့် အချက်နှစ်ချက်ဆိုပေမယ့် အထင်ရှားဆုံးအချက်တစ်ချက်ကတော့ ဖက်ဒါရာက ၂၀၀၂ ခုနှစ်အောက်တိုဘာလကတည်းက ကမ္ဘာ့အဆင့်(၁၀)အတွင်း အမြဲတမ်းဝင်ရောက်နိုင်ခဲ့သလို သူ့ရဲ့လက်စွမ်းတွေကို ဂရင်းစလင်းပြိုင်ပွဲလိုပွဲကြီးတွေမှာ အမြဲတမ်းထိန်းထားနိုင်ခဲ့တာကြောင့် သူဟာအငြင်းပွားစရာ မရှိတဲ့ တကယ့် ကြယ်ပွင့်ကစားသမား ဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။

ကမ္ဘာ့အဆင့်(၁)နေရာမှာ ၃၀၂ပတ်ကြာတဲ့အထိ ရပ်တည်ခဲ့ဖူးသလို ဒီအထဲမှာမှ ၂၃၇ပတ်အထိ ဆက်တိုက်ထိန်းထားနိုင်မှုတောင် ရှိခဲ့တာဘာကြောင့် တင်းနစ်လောကရဲ့ ထာဝရအကောင်းဆုံးကစားသမားလို့ သတ်မှတ်ခံရလဲဆိုတဲ့အဖြေက ရှင်းလင်းပြီးဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် ဂရင်းစလင်းဗိုလ်လုပွဲကို(၂၇)ကြိမ်အထိ တက်ရောက်နိုင်ခဲ့သူဖြစ်တာကြောင့် ငါးကြိမ်ယှဉ်ပြိုင်တိုင်း တစ်ကြိမ် ဗိုလ်လုပွဲတက်ရောက်နိုင်တဲ့ အနေအထားတွေကလည်း သူဟာပြိုင်ဘက်တိုင်းကို အခုထိ ခြိမ်းခြောက်နိုင်ဆဲဖြစ်တယ်ဆိုတာ ပေါ်လွင်လို့နေပါတယ်။

ဖက်ဒါရာဆိုတဲ့ တင်းနစ်ကစားသမားက အခုလက်ရှိတင်းနစ်လောကမှာ အရှိန်အဝါအကြီးဆုံး ကစားသမားတစ်ဦးဖြစ်သလို ကမ္ဘာ့အားကစားလောကမှာလည်း အထင်ရှားဆုံး နံပါတ်(၁)နေရာကို ရယူထားနိုင်တဲ့ကစားသမားလည်း ဖြစ်ပါတယ်။ သူက လက်ရှိမှာ ကမ္ဘာ့အဆင့်(၃)နေရာမှာသာ ရပ်တည်နေပေမယ့် သူ့ရဲ့ကျော်ကြားမှုကို အခြား တင်းနစ်ကစားသမားတွေလိုက်မမီဖို့ ခက်ခဲနေဆဲ အနေအထားပါ။ ဖက်ဒါရာက ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတိုင်းမှာ အကောင်းဆုံး လက်စွမ်းတစ်ခုကို အမြဲလိုလို ထိန်းထားနိုင်ပြီး သူ့ရဲ့ ပုံရိပ်အသုံးပြုခက ရရှိတဲ့ကြော်ငြာဝင်ငွေအပြင် အခြားဆုကြေးတွေကြောင့် ဝင်ငွေအကောင်းဆုံးကစားသမားစာရင်း ထိပ်ဆုံးနေရာမှာလည်း အမြဲတမ်းရှိနေသူ ဖြစ်ပါတယ်။

ဖက်ဒါရာက ဒီနှစ်မှာလည်း ATP က ချီးမြှင့်တဲ့ စတီဖန်အက်ဘာ့ဂ်ဆုကို (၁၁) ကြိမ်မြောက် ရရှိခဲ့သလို ပရိသတ်တွေ အကြိုက်နှစ်သက်ဆုံး တင်းနစ်ကစားသမားဆုကို ၁၃ နှစ် ဆက်တိုက်ရရှိခဲ့တာကိုကြည့်ရင် သူဟာ အရည်အချင်းအပြင် သူ့ရဲ့ ထူးခြားတဲ့ ရုပ်ရည်နဲ့ ပရဟိတစိတ်ဓာတ်ပြည့်ဝမှုကို ပရိသတ်တွေက လေးစားတာကြောင့်ပါဆိုတာ ထင်ထင်ရှားရှား မြင်တွေ့ရမှာ ဖြစ်ပါတယ်။ တင်းနစ်ပွဲတွေမှာ ဖက်ဒါရာ ပါဝင်ရင် လူစည်ကားနေပြီး ဝင်ဘယ်လ်ဒန် အိုးပင်းမှာ အိမ်ရှင်ပရိသတ်တွေက အန်ဒီမာရေးကို ပိုမိုအားပေးတာကလွဲရင် ကျန်တဲ့ပွဲတွေမှာဆို ဘယ်ကစားသမားနဲ့ယှဉ်ယှဉ် ဖက်ဒါရာကိုသာ သည်းသည်းလှုပ်အားပေးကြတာကလည်း ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်နေပြီဖြစ်တဲ့တိုင်အောင် မြင်တွေ့နေရတဲ့ မရိုးနိုင်တဲ့မြင်ကွင်းတစ်ခုပါ။

ဖက်ဒါရာက လက်ရှိမှာအသက်(၃၄)နှစ်ကျော်လွန်လာပြီဖြစ်ပေမယ့် မကြာသေးမီရက်ပိုင်းကပဲ ၂၀၁၇စတုဂတ်အိုးပင်းမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ သဘောတူညီမှုတစ်ခုပြုလုပ်ခဲ့တာကြောင့် သူဟာ ၂၀၁၇နှစ်ဝက်လောက်အထိ တင်းနစ်လောကက အနားမယူသေးဘူးဆိုတာကို အသိပေးလိုက်တာနဲ့အတူတူပါပဲ။ အဲဒီအချိန်ဆို ဖက်ဒါရာရဲ့အသက်က(၃၆)နှစ်ရှိနေပြီဖြစ်တာကြောင့် သူ့ရဲ့ အမြင့်ဆုံးလက်စွမ်းတစ်ခုကို ဆက်လက်ထိန်းထားနိုင်ဖို့ ခက်ခဲနေတော့မှာဖြစ်ပါတယ်။ ဖက်ဒါရာအနေနဲ့ အခုတောင် ပွဲတိုင်းကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတဲ့မူကို ကျင့်သုံးနေရပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ၆ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ပဲရစ်မာစတာစီးရီး ပြိုင်ပွဲမှာဆို ပထမအကျော့မှာတင် ဂွန်အစ္စနာကို ရှုံးနိမ့်ခဲ့တဲ့အတွက် ကမ္ဘာ့အဆင့်လည်း လျော့ကျခဲ့ရပါတယ်။ အဲဒီနောက်မှာ ယှဉ်ပြိုင်ခဲ့တဲ့ ATP World Tours Finals ပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့ပေမယ့် ဂျိုကိုဗစ်ချ်ကို မိနစ်၈၀အတွင်း ၆-၃၊၆-၄နဲ့နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့တာကို ချိန်ထိုးကြည့်ရင် ဖက်ဒါရာအနေနဲ့ ဘယ်လိုပဲ သမ္မာရှိတယ်ဆိုဆို အရင်ကလို ပြိုင်ဘက်ကင်းလက်စွမ်းမရှိတော့ဘူးဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် ဖက်ဒါရာအနေနဲ့ သူ့ရဲ့ နာမည်ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းပြီး အကောင်းဆုံးအခြေအနေနဲ့ တင်းနစ်လောကကို နှုတ်ဆက်ချင်ရင် ၂၀၁၇နောက်ပိုင်း လုံးဝမကစားတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်မျိုးကိုပါ တစ်ပါတည်း ချမှတ်ထားရမှာဖြစ်ပါတယ်။ ဖြစ်နိုင်ရင် ဂရင်းစလင်းဖလားတစ်လုံးထပ်ရပြီးတာနဲ့ ကစားသမားဘဝကို နှုတ်ဆက်သင့်ပါပြီ။ ဒီလိုမှမဟုတ်ဘဲ ၂၀၁၇ကျော်တဲ့အထိ ကစားသမားဘဝကိုနှုတ်ဆက်ဖို့ အဆင်သင့်မဖြစ်ဘူးဆိုရင်. . .။

# မန်ယူကနေ ဗန်ဟားလ် ထွက်ခွာသွားခဲ့သော်. . .







ငွေကြယ် - ရေးသားသည်

***မန်ယူအသင်းရဲ့ နောက်ခံကစားသမားတစ်ဦးဖြစ်တဲ့ ရိုင်ယန်ဂစ်ဟာ ၂၀၁၃ ခုနှစ်အရောက်မှာ မန်ယူအသင်းအတွက် လိုအပ်နေတဲ့ လက်ထောက်နည်းပြရာထူးတာဝန်ကို စတင်လက်ခံခဲ့တယ်။ အဲဒါဟာအသင်းရဲ့ အောင်မြင်မှုစီမံကိန်းရဲ့အစပထမလို့ သုံးသပ်သူအတော်များများက မှတ်ချက်ပြုခဲ့ကြတယ်။ ပြီးတော့ ရိုင်ယန်ဂစ်ဟာ အမှုဆောင် ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ အက်ဒ်ဝုဒ်ဝက်ဒ်ရဲ့ လူယုံတစ်ယောက်အနေနဲ့လည်း အခုအချိန်ထိ လက်ခံထားခြင်းခံရတဲ့ သူတစ်ဦးပါ။***

၂၀၁၃ ခုနှစ်မှာ မန်ယူအသင်းရဲ့ ဂန္ထဝင်နည်းပြကြီးအဖြစ် ၂၆ နှစ်ကြာ မားမားမတ်မတ်ရပ်တည်နိုင်ခဲ့တဲ့ ဖာဂူဆန်ဟာ မန်ယူအသင်းနည်းပြအဖြစ်ကနေ ထွက်ခွာသွားချိန်မှာ မန်ယူအသင်းကို ကိုင်တွယ်ဖို့ အဲဗာတန်အသင်းမှာအောင်မြင်မှုရခဲ့တဲ့ ဒေးဗစ်မိုယက်ကို အစားထိုးနည်းပြအဖြစ် ခေါ်ယူခန့်အပ်ဖို့ တွန်းအားတွေပေးခဲ့တယ်။ အဲဒီမှာ ဒေးဗစ်မိုယက်နဲ့ အပြိုင်ဆိုသလို ရိုင်ယန်ဂစ်ကိုလည်း လက်ထောက်နည်းပြအဖြစ်နဲ့ ခန့်အပ်ခဲ့တယ်။

မိုယက်ကို နည်းပြအဖြစ် ခန့်အပ်ခဲ့တဲ့အချိန်ကစလို့ မန်ယူအတွက် အမှားတစ်ခုကို ရင်ဝယ်ပိုက်လိုက်ရတဲ့ သဘောဖြစ်သွားတယ်။ အဲဒါနဲ့ အောင်မြင်မှုတစ်စုံတစ်ရာကိုမျှ မဆောင်ကြဉ်းနိုင်ခဲ့တဲ့ မိုယက်ကို နည်းပြရာထူးကနေ ထုတ်ပယ်လိုက်တယ်။ မိုယက်ကို ထုတ်ပယ်လိုက်ပြီး နောက်ပိုင်းမှာ ခရီးကြမ်းကို အပြင်းနှင်ခဲ့ရတဲ့ မန်ယူအသင်းက ခရီးလမ်းချောမွေ့စေဖို့အတွက် နယ်သာလန်နည်းပြ ဗန်ဟားလ်ကို ခေါ်ယူခဲ့တယ်။

သို့သော် မန်ယူအသင်းအနေနဲ့ ဗန်ဟားလ်ကို ခေါ်ယူခဲ့ပေမယ့် အိုးထရက်ဖို့ဒ်ရဲ့ အရိပ်မည်းကြီးက လက်ရှိအချိန်အထိ လွှမ်းမိုးနေဆဲလို့ ဆိုရပေမလား။ ဒေးဗစ်မိုယက်လက်ထက်ကနဲ့ နှိုင်းစာရင်တော့ ဗန်ဟားလ် ကိုင်တွယ်ခဲ့တဲ့အချိန်မှာ အဆိုးဆုံးအခြေအနေတစ်ရပ်ထိတော့ မရောက်သေးဘူးလို့ ဆိုရမယ်။ ဘာလို့လဲဆိုရင် ဗန်ဟားလ်စတင် ကိုင်တွယ်ခွင့်ရတဲ့နှစ်မှာ ပရီမီယာလိဂ်ချန်ပီယံမဖြစ်ခဲ့တာတောင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် ရရှိထားခဲ့တယ်။

ဒါပေမယ့် လက်ရှိအချိန်မှာ မန်ယူအသင်းရဲ့ ရလဒ်ပိုင်းဟာ အတော်လေး ဆိုးရွားနေတဲ့အခြေအနေကို ရောက်လာခဲ့တယ်။ ဗန်ဟားလ်ရဲ့ စွမ်းဆောင်ရည်ညံ့ဖျင်းမှုကလည်း မန်ယူအသင်းအတွက် ရိုက်ခတ်မှုတွေ ပြင်းထန်ခဲ့တယ်။ ဗန်ဟားလ်ဟာ အခုလက်ရှိမှာ စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသလို အသင်းမှာ ပျော်ရွှင်မှုရရှိနေဆဲဖြစ်ကြောင်း ဝန်ခံခဲ့တယ်။ ဗန်ဟားလ်ဆက်နေချင်တယ်ဆိုပေမယ့်မန်ယူအသင်းအနေနဲ့ ၂၀၁၇ အလွန်မှာ ဗန်ဟားလ်ကို အသင်းမှာဆက်ထားဦးမှာလည်းဆိုတာကလည်း ဒွိဟဆန်တဲ့ အတွေးတစ်ခုဖြစ်လာတယ်။ အဲဒါနဲ့ ပတ်သက်ပြီးလည်း ဘယ်သူမှတိကျတဲ့အဖြေတစ်ခုကို တွက်ဆနိုင်ခြင်းမရှိသေးဘူး။

ဂန္ထဝင်နည်းပြကြီး ဖာဂူဆန် ၂၅ နှစ်ကြာ အချိန်ယူတည်ဆောက်ခဲ့တဲ့ မန်ယူအသင်းဟာလည်း လက်ရှိအနေအထားကို ကြည့်ရင် ဥရောပမှာ အကောင်းဆုံးလို့ သတ်မှတ်ခြင်းခံထားရဆဲဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်နဲ့ ဘာစီလိုနာတို့ရဲ့ နောက်မှာ အတော်လေးကျဆုံးခန်းတိုင်ခဲ့တာက သက်သေသာဓကတစ်ခုလို့ ဆိုရမှာပါ။ အခုဆိုရင် ပြင်သစ်ပထမတန်းမှာ အချမ်းသာဆုံးဖြစ်တဲ့ ပီအက်စ်ဂျီအသင်းကို လိုက်မမီနိုင်လောက်အောင် ရလဒ်ပိုင်းတွေက ပြယုဂ်တစ်ခုသဖွယ် ဖော်ညွှန်းလာခဲ့တယ်။

အဲဒါတွေက ကွင်းပြင်ပကနေ ကြည့်နေခဲ့ရတဲ့ လက်ထောက်နည်းပြ ရိုင်ယန်ဂစ်အတွက် ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းစေခဲ့တယ်။ အဲဒါကြောင့် အက်ဒ်ဝုဒ်ဝက်ဒ်က သူ့ရဲ့ကာလရှည်ကြာထောက်ခံမှုရထားတဲ့ ရိုင်ယန်ဂစ်ကို လက်ထောက်နည်းပြဘဝကနေ တရားဝင်နည်းပြတစ်ဦးဖြစ်လာမယ့် အခွင့်အရေးတစ်ရပ်ကိုပေးဖို့ စဉ်းစားလာခဲ့တယ်။

ဒါ့အပြင် ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲနှစ်ရပ်လုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်မယ့် အခွင့်အရေးရမယ်ဆိုရင် ဘယ်ပရီမီယာလိဂ်အသင်းအတွက်မဆို ပေးစွမ်းဖို့ ဝန်မလေးဘူးလို့ ဆိုထားတဲ့ လက်ရှိဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာကို ခေါ်ယူဖို့လည်း အကြောင်းဖန်လာခဲ့တယ်။ အခြားသောပရီမီယာလိဂ်အသင်းတွေကလည်း သူတို့ရဲ့ ရလဒ်ပိုင်းအခက်အခဲတစ်ခုကို ကျော်လွှားဖို့ ဂွါဒီယိုလာကို အလိုတော်ရှိနေခဲ့ကြတယ်။ အဲဒါကြောင့် မန်ယူကနေ နည်းပြဗန်ဟားလ်ထွက်ခွာသွားခဲ့သော် နောက်ထပ်အိုးထရက်ဖို့ဒ်ကို တာဝန်ယူ ကိုင်တွယ်မယ့်နည်းပြဟာဂွါဒီယိုလာဖြစ်လာလေမလား၊ ဒါမှမဟုတ် လက်ထောက်နည်းပြ ရိုင်ယန်ဂစ်ပဲ ဖြစ်လာလေမလားဆိုတာ တွက်ချက်ဖို့ ခဲယဉ်းတဲ့ ပုစ္ဆာတစ်ပုဒ်များလားဆိုတာ. . . . .

## ကလောနှင့်မော်လမြိုင်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တောင်ကြီးဘက်မှ ကလောဘက်သို့ စိုင်းရွက်မိန်း မောင်းနှင်ပြီး စိုင်းခမ်းတိုင်း လိုက်ပါလာသည့် ယာဉ်အမှတ် KYN-9I/-----၊ ISUZU D-MAX အမျိုးအစား ခဲရောင်မော်တော်ယာဉ်ကို ဒီဇင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၉၁၅ သိန်း သိမ်းဆည်းရမိသဖြင့် စိုင်းရွက်မိန်း (၂၀) နှစ်နှင့် စိုင်းခမ်းတိုင်း(၃၀)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၃၈)မော်လမြိုင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်-မုဒုံသွားကားလမ်း အရိုးကိုးလမ်းခွဲ လမ်းဆုံတွင် ဆိုင်ကယ်စီးလာသူ စောလင်းသန်း(ခ)အတူးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် ၎င်းနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မော်လမြိုင်မြို့ တောင်ဝိုင်းရပ် ဥယျာဉ်လမ်း ခြံအမှတ်(၃) တိုက်ခန်းအမှတ်(၅)နေ ညီညီဦး၏ နေအိမ်ကို ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ဇနီးဖြစ်သူ မဇင်မာဦးအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ တို့ကို သိမ်းဆည်းရမိသဖြင့် စောလင်းသန်း(ခ) အတူး(၃၃)နှစ်နှင့် မဇင်မာဦး(၁၉) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



စိုင်းရွက်မိန်းနှင့် စိုင်းခမ်းတိုင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ရေနံချောင်းမြို့နယ်တွင် နေအိမ်ပေါ်တက် ရွှေဆွဲကြိုးဖြတ်ယူထွက်ပြေးမှုဖြစ်ပွား

**ရေနံချောင်း ဒီဇင်ဘာ ၁၂**

ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာတွင် မိသားစုနှင့်အတူ နေအိမ်အပေါ်ထပ်တွင် အိပ်ပျော်နေသော အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးဖြတ်ယူထွက်ပြေးမှု ဒီဇင်ဘာ ၁၀ ရက် ညပိုင်းကဖြစ်ပွားခဲ့ကြောင်း ရေနံချောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ညပိုင်းက ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာနေ မငြိမ်းငြိမ်း (၂၆)နှစ်သည် နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း၌ အစ်မဖြစ်သူ မခင်ဝင်းမြင့်နှင့်အတူအိပ်နေပြီး အိမ်အောက်ထပ်တွင် မိခင်ဖြစ်သူ ဒေါ်ကြည်စိန်၊ အစ်မဖြစ်သူ ဒေါ်ဌေးဌေးဝင်း၊ အစ်ကိုဖြစ်သူ ကိုဝကြီးတို့ အိပ်ပျော်နေစဉ် ည ၁၁ နာရီခန့်တွင် မငြိမ်းငြိမ်း၏လည်ပင်းတွင် ဆွဲထားသော အမ်စီတစ်ကျပ်သား ရွှေဆွဲကြိုးအား လူတစ်ဦးက ဆွဲဖြတ်နေသဖြင့် အိပ်ရာမှ လန့်နိုးပြီးကြည့်ရှုရာ နေအိမ်ပေါ်မှ လူတစ်ဦး ဆင်းပြေးသွားကြောင်း တွေ့မြင်ပြီး မိသားစုအားနှိုး၍ လိုက်ကြည့်ခဲ့စဉ် ၎င်းမှာ ထွက်ပြေးသွားခဲ့သည်။

ထို့နောက် နေအိမ်လှေကားရင်းတွင်ဖိနပ်တစ်ရံ၊ နေအိမ်အနောက်တောင်ဘက်ခြံထောင့်တွင် အရိုးအသွား ၁၆ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ ခြံဝင်းအပြင် တောင်ဘက်လမ်းမတွင် ဓာတ်မီးတစ်လက်တို့ ကျန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် နေအိမ်ပေါ်တက်ပြီး ရွှေဆွဲကြိုးဖြတ်ယူထွက်ပြေးသူအားစုံစမ်းဖော်ထုတ်အရေးယူပေးရန် မငြိမ်းငြိမ်းက ဒီဇင်ဘာ ၁၁ ရက်တွင် တိုင်ကြားခဲ့သောကြောင့် ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျော်ဇေယျ)**

## ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နေပြည်တော် တပ်ကုန်းမြို့နယ် ငွေ့ကြီးကျေးရွာအနီး တပ်ကုန်းမြို့နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်း မိုင်တိုင် အမှတ်(၆/၆-၇)ကြား ကုန်းအဆင်းတွင် ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းဘက်မှ တပ်ကုန်းဘက်သို့ ပျော်ဘွယ်မြို့နယ် ပေပင်လေးကျေးရွာနေ ဦးမြင့်ဆောင် (၅၈)နှစ် မောင်းနှင်လာသော ၂/--- လိုက်ထရပ် အဖြူရောင်ယာဉ်သည် ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ရမည်းသင်းမြို့နယ် သာစည်ကျေးရွာနေ ဦးဌေးအောင် (၅၀)နှစ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်း ဦးမြင့်ဆောင်နှင့် သာစည်ကျေးရွာနေ ဦးခွေး (၆၂)နှစ်ပါ ၁၇ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် တပ်ကုန်းမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးမြင့်ဆောင်အား ရွှေမြို့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## ယမ်းမှုန့်များ ပြီးစလွယ်ထားသူအား ဖမ်းဆီးအရေးယူ

**ကန့်ဘလူ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာတွင်ယမ်းမှုန့်များပြီးစလွယ်ထားသူအား ဒီဇင်ဘာ ၁၀ ရက်က ဖမ်းဆီးအရေးယူထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နတ်ပေးကျေးရွာနေ မင်းသူ(၂၅)နှစ်၏နေအိမ်တွင် လမ်းခင်းကျောက်များ ထုတ်ယူရာ၌ အသုံးပြုသော ယမ်းများအား ပြီးစလွယ်ထားရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးရှာဖွေရာ ယမ်းမှုန့်အလေးချိန် နှစ်ကျပ်သားခန့်တစ်ထုပ်၊ ကန့်မှုန့် အလေးချိန် နှစ်ကျပ်သားခန့်ရှိ တစ်ထုပ်၊ ကျောက်ချဉ်မှုန့် အလေးချိန် သုံးကျပ်သားခန့်ရှိ တစ်ထုပ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မင်းသူအား ကန့်ဘလူမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


# (၉)ကြိမ်မြောက်
## လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲဖိတ်ကြားလွှာ

အဂ္ဂမဟာပဏ္ဍိတ စာပေပါရဂူ ဒီလစ်ဘွဲ့ထူးရ ကမ္ဘာကျော်ကျေးဇူးတော်ရှင် ပထမ လယ်တီဆရာတော်ဘုရားကြီး၏ (၁၀၅) ကြိမ်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်ပွဲတော်ကြီးကို ဓမ္မပူဇာအဖြစ် ကျေးဇူးဆပ်ပူဇော်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သံဒင်း(၁၉)ရပ်ကွက်၊ မြနန္ဒာပါတ်လမ်း၊ နိဗ္ဗာန်ဆိပ်ဦးကျောင်းတိုက်တွင် လယ်တီဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဘဒ္ဒန္တ ဂမ္ဘီရဗုဒ္ဓိ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) အရှင်မြတ်ကိုယ်တော်တိုင် ဟောပြောပြသလျက် (၉)ကြိမ်မြောက်လယ်တီဝိပဿနာ (၇)ရက် တရားစခန်းပွဲကြီးကို ၁၃၇၇ ခုနှစ် နတ်တော်လဆန်း (၈)ရက်မှ လပြည့်ကျော် (၁)ရက် (၁၉-၁၂-၂၀၁၅) မှ (၂၇-၁၂-၂၀၁၅) နေ့အထိ အစားကျွေးပြီး တရားပေးကာ (ဆွမ်းစရိတ်ငြိမ်း) ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

လယ်တီနည်းစစ်စစ်ကို အားထုတ်လိုသော ယောဂီသူတော်စင်တို့သည် ဖုန်း-၀၉-၄၂၁၀၄၁၉၁၀၊ ၀၉-၃၃၄၀၄၅၅၀၊ ၀၉-၃၁၆၈၂၈၂၀၊ ၀၉-၇၃၀၀၇၄၀၈ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြပြီး ၁၉-၁၂-၂၀၁၅ (စနေနေ့) ညနေ (၃)နာရီအရောက် နိဗ္ဗာန်ဆိပ်ဦးကျောင်းသို့ ကြွရောက်ကြပါရန် အသိပေး နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

တရားစခန်းအကျိုးတော်ဆောင်အဖွဲ့
နိဗ္ဗာန်ဆိပ်ဦးကျောင်း



**ဖခင်အမည်မှန်**

အင်းတော်မြို့နယ် အထကခွဲ (ရေတွင်းကုန်း) သတ္တမတန်း(A)မှ မခိုင်နှင်းဝေ၏ဖခင်အမည်မှန်မှာ ဦးကိုမောင် (ခ)ဦးသန်းမောင် ၅/ကလန (နိုင်) ၀၀၅၉၅၆ ဖြစ်ပါကြောင်း။ **ဦးကိုမောင်**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးထက်သူ၏ သင်္ဘောသား မှတ်ပုံတင်လက်မှတ် SID No. 100416စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၂၉၇၉၉၁



## ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်သည့် ရွှေပြည်သာမြို့နယ်၊ စက်မှုလမ်းနှင့်ပိတောက်လမ်းထောင့်ရှိ ဈခန်းတွဲ ၆ထပ်တိုက် RCအဆောက်အအုံ(၄)လုံး၊ ၄၉၀စတုရန်းပေ (၁၄×၃၅)ရှိ အခန်းပေါင်း(၁၉၂)အခန်းကို အထပ်အလိုက် တန်ဖိုးသတ်မှတ်၍ လက်ငင်းစနစ်ဖြင့် အောက်ပါအတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသည်-

(က) Level 1 ရှိ အခန်း(၁)ခန်း - ကျပ် (၁၇၄)သိန်း
(ခ) Level 2 ရှိ အခန်း(၁)ခန်း - ကျပ် (၁၅၄)သိန်း
(ဂ) Level 3 ရှိ အခန်း(၁)ခန်း - ကျပ် (၁၄၄)သိန်း
(ဃ) Level 4 ရှိ အခန်း(၁)ခန်း - ကျပ် (၁၃၃)သိန်း
(င) Level 5 ရှိ အခန်း(၁)ခန်း - ကျပ် (၁၂၂)သိန်း
(စ) Level 6 ရှိ အခန်း(၁)ခန်း - ကျပ် (၁၀၉)သိန်း

၂။ တိုက်ခန်းလျှောက်လွှာများကို ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စာပေးစာယူဌာနတွင် ၁၀၀၀ိ/-ဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ရောင်းချမည့် တိုက်ခန်းအရေအတွက်ထက် လျှောက်ထားသူ အရေအတွက်များပါက မဲစနစ်ဖြင့် ရောင်းချပေးသွားပါမည်။

မှတ်ချက်။ ။နိုင်ငံတော်မှ တိုက်ခန်း၊ မြေကွက်ရရှိပြီးသူများ လျှောက်ထားခွင့်မရှိပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။



ရွှေထိပ်တန်း၊ ချောင်းသာ (ငွေစဉ်)
+ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
+ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း
+ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ
အပတ်စဉ် သောကြာ
ဝင်းလုံးငှား စီစဉ်ပေးသည်။
ကျိုက်ထီးရိုး (ငွေစဉ်)
ငွေဆောင် (သောကြာ)
01-701015,01-710436,09-5403844,09-5044830



ခရီးစဉ်ရက်နှင့်ဈေးနှုန်းများ
ကျိုက်ထီးရိုး(ငွေစဉ်)/ချောင်းသာ(ငွေစဉ်)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ မွေ့တော်ကက္ကူ
ထမ့်စမ်းဂူ အဆင့်မြင့်ခရီးစဉ် Dec 24, Jan 1 ထွက်မည်
၂၇၇၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတား။ 01-249871,255553,09-5137245,09-5122511



7Stars(ရာထူးဝင်သင်တန်းကြီး)
☆ ရွှေကောက်ပွဲကော်မရှင် (အနီးကပ်)
☆ ကျူတာ ဝင်ခွင့် (တန်းခွဲများအားလုံး ခပြ)
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါပြီ ။
တိုက်(18 / 3B)၊ သခေပြည့်ကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.789107733, 09.780080052, 09421052736, 09.799860155



နိုင်ငံတကာသတင်းဂျာနယ်
- အိုင်အက်စ်အဖွဲ့သည် အကြမ်းဖက်အဖွဲ့အစည်း သက်သက်လော
- ရုရှားနှင့်ယှဉ်ပြိုင်ရင်ဆိုင်ရန် တူရကီစစ်ရေးပြင်ဆင်
- တရုတ်တပ်မတော် ပြုပြင်ပြောင်းလဲမှုများ၏ နောက်ကွယ်မှ ယုတ္တိဗေဒ
- နျူကလီးယားထိပ်ဖူးများကို တိုးမြှင့်ထုတ်လုပ်ရန် ကြိုးပမ်းနေသည့် မြောက်ကိုရီးယား
- ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက် အက်စကီမိုးလူနေမှုဘဝကို ထိခိုက်စေနိုင်
- လစ်ဗျားနိုင်ငံ၌ အင်အားကြီးထွားလာသည့် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့
- နေတိုးနဲ့ ရုရှားအပြန်အလှန်ရန်စနေကြတာ စိုးရိမ်ရော စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။





## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING AMBER V.5 သင်္ဘောသည် ၁၄-၁၂-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှမော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE-1 V.235 သင်္ဘောသည် ၁၄-၁၂-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

# မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထား

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကိုဖော်ပြ အပ်ပါသည်။*

*(စာတည်း)*

à ကိုရင်ညြ

'၂၀၁၅ ခုနှစ်၏ အထူးခြားဆုံး ပုဂ္ဂိုလ်' အဖြစ် ဂျာမန်အမျိုးသမီးကြီးတစ်ဦးဖြစ်သူ အိန်ဂျလာမာကဲလ်အား ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီးက ရွေးချယ်လိုက်သည်ဟု နိုင်ငံတကာ သတင်းတစ်ပုဒ်တွင် ဖော်ပြထားလေရာ ရဟန်း၊ မင်းဧကရာဇ်၊ စစ်သူကြီး၊ ပညာရှိ စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မွန်တို့၏ အကြောင်းခြင်းရာများကို စိတ်ဝင်စားတတ်သည့် ဇီဇရှိပေထသော ကျွန်ုပ်အနေဖြင့် သူ၏ ဘဝဖြစ်တည်မှု အသို့နည်းဟု ဘဝင်စေ့ဆော်မှု ဖြစ်မိလေ၏။

မာကဲလ်ဆိုသူ ပုဂ္ဂိုလ်သည်ကား ဂျာမနီနိုင်ငံကို စိုးစံတော်မူလျက်ရှိသော ဝန်ကြီးချုပ်တည်း။ အစိုးရအဖွဲ့ကို အကြီးအမှူးပြုသူ အဓိပတိဖြစ်၏။

နွံ့နွံ့ပျောင်းပျောင်း မိန်းမသားတစ်ဦးက ကြွေးမြီပြဿနာ၊ ဒုက္ခသည်များဆိုင်ရာ ပြဿနာတို့နှင့်အတူ ဝုန်းဒိုင်းကြဲယိမ်းထိုးနေသော ဥရောပသမဂ္ဂအဖွဲ့ကြီးကို ပြန်လည်တည်ငြိမ်မှု ရရှိစေရန် အကွက်စေ့စေ့ ဇာတ်ရည်လည်လည် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြင့် ယခုနှစ်၏ အထူးခြားဆုံး ပုဂ္ဂိုလ်တစ်ဦးအဖြစ် မာကဲလ်ကို ရွေးချယ်ခဲ့သည်ဟု တိုင်းမ်သတင်းမဂ္ဂဇင်း၏ အယ်ဒီတာ နန်စီဂစ်က ရှင်းပြလေသည်။

မာကဲလ်သည် ဥရောပသမဂ္ဂ၏ တရားဝင်ခေါင်းဆောင်မဟုတ်လင့်ကစား လက်တွေ့အရ ခေါင်းဆောင်အဖြစ် ရပ်တည်နေသူအဖြစ် ရှုမြင်ရသည်။ ယခုနှစ်အတွင်း ဥရောပသမဂ္ဂအတွက် ခြေလှမ်းမှားနိုင်သော အရှုပ်တော်ပုံကြီးနှစ်ရပ်ဖြစ်သည့် ဂရိကြွေးမြီပြဿနာနှင့် တရားမဝင် ရွှေ့ပြောင်းအခြေစိုက်သူများ ဥရောပတိုက်အတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုပြဿနာတို့ကို မာကဲလ်က ဆေးခါးကြီးတိုက်ကျွေးပြီး ကုသပေးနိုင်ခဲ့သဖြင့် အထူး ခြားဆုံးပုဂ္ဂိုလ်အဖြစ် ကျွန်ုပ်တို့တစေ့တစောင်း တွေ့မြင်ခွင့်ရရှိခြင်းဟူ၍ ဆိုနိုင်လေသည်။

### မာကဲလ်၏ ကြန်အင်နိကာယ်

မာကဲလ်၏ ကြန်အင်နိကာယ်ကို သိရှိနိုင်ရန် သူ၏ဘဝဇာတ်ကြောင်းကို အလောတော်မျှ ကျွန်ုပ်ဋီကာချဲ့လို၏။

၁၉၅၄ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ မာကဲလ်ကို မွေးဖွားခဲ့သည်။ သူ၏ မွေးသဖခင်ကြီးမှာ လုသရင်တရားဟောဆရာတစ်ဦးဖြစ်ပြီး ဓမ္မကျမ်းစာများကို လေ့လာဆည်းပူးရန် ယခင်အရှေ့ဂျာမနီနိုင်ငံရှိ တမ်ပလင်မြို့ငယ်လေးသို့ မိသားစုနှင့်အတူ ပြောင်းရွှေ့ခဲ့သည်။ ဤသို့ဖြင့် မာကဲလ်သည် ကလေးဘဝမှစ၍ အရှေ့ဂျာမနီ၌ နေထိုင်ကြီးပြင်းခဲ့ရလေသည်။

ပညာရဲရင့်ပွဲလယ်တင့်သူ မာကဲလ်သည် လစ်ပဇစ်တက္ကသိုလ်၌ ရူပဗေဒပညာရပ်ကို ဆည်းပူးခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် အရှေ့ဘာလင်ရှိ အရှေ့ဂျာမန်သိပ္ပံကယ်ဒမီမှ ပါရဂူဘွဲ့ရရှိခဲ့လေသည်။

၁၉၈၉ ခုနှစ်တွင် ဘာလင်တံတိုင်း ပြိုလဲခဲ့ပြီးနောက် ခရစ်ယာန်ဒီမိုကရစ်တစ်သမဂ္ဂ (စီဒီယူ)အမည်ရှိ နိုင်ငံရေးပါတီသို့ ဝင်ရောက်ခဲ့ပြီး မကြာမတင်မှာပင် ဝန်ကြီးချုပ်ဟယ်မွတ်ခိုးလ်၏ ဝန်ကြီးအဖွဲ့တွင် အမျိုးသမီးနှင့် လူငယ်ရေးရာ ဝန်ကြီးအဖြစ်ခန့်အပ်ခံခဲ့ရသည်။

ယင်းနောက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဏုမြူဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ ဝန်ကြီးအဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။

၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ခိုးလ်ရှုံးနိမ့်ခဲ့ပြီးနောက် စီဒီယူ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်၌ ပါတီခေါင်းဆောင်အဖြစ် တင်မြှောက်ခံခဲ့ရသော်လည်း ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ်ခံရခြင်းမရှိချေ။

၂၀၀၅ ခုနှစ် ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်ဂဲဟတ်ရှရိုးဒါးအား မာကဲလ်က ပွတ်ကာသီကာအနိုင်ရခဲ့သည်။ စီဒီယူနှင့် ဆိုရှယ်ဒီမိုကရက်တို့ ညွန့်ပေါင်းဖွဲ့ကြပြီးလျှင် ဂျာမနီနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရလေသည်။

ပြန်လည်ပေါင်းစည်းထားသော ဂျာမနီနိုင်ငံတော်ကို အရှေ့ဂျာမနီ၌ ကြီးပြင်းခဲ့သူတစ်ဦးက အုပ်ချုပ်နိုင်ခြင်းမှာလည်း ပထမဆုံးပင်ဖြစ်၏။

၂၀၀၉ ခုနှစ်သို့ ရောက်လေသည့်အခါ ဒုတိယမြောက် ရာထူးသက်တမ်းအတွက် မာကဲလ်ပင် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရပြန်သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် တတိယမြောက် ရာထူးသက်တမ်းအတွက် သူ့ကိုပင် ပြန်လည်တင်မြှောက်ကြပြန်သည်။

သုံးကြိမ်တိုင်တိုင် ရွေးချယ်တင်မြှောက်ခံရသူ မာကဲလ်သည်ကား သံကန့်လန့်ကာဖြင့် ကတ္တားခြားခံခဲ့ရသည်ဟု ပြောစမှတ်ပြုခဲ့ကြရသော အရှေ့ဂျာမနီ၌ ကြီးပြင်းခဲ့ပြီး သိပ္ပံပညာရှင်ဘဝမှသည် နိုင်ငံရေးရာများကို စီမံခန့်ခွဲရသည့်ဘဝသို့ တက်လှမ်းခဲ့သူပင်တည်း။

ကွန်မြူနစ်အုပ်စိုးမှုကာလအတွင်း သိပ္ပံပညာရှင်တစ်ဦးအဖြစ် ဘဝကို တည်ဆောက်ခဲ့ပြီး ပေါင်းစည်းထားသော ဂျာမနီနိုင်ငံ၏ ခေတ်ပြိုင်သမိုင်းတွင် နန်းသက်ရှည်နိုင်ငံရေးသမားတစ်ဦးအဖြစ် ဝွားဝွားစွင့်စွင့် ပေါ်ထွန်းခဲ့လေပြီတကား။

### ထင်ပေါ်၍ စင်တော်ကောက်ခံရသူ

၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာကို လှုပ်လှုပ်ရွရွဖြစ်စေခြင်းဖြင့် ဒုတိယမြောက် အထူးခြားဆုံးပုဂ္ဂိုလ်အဖြစ် ထင်ပေါ်၍ စင်တော်ကောက်ခံရသူမှာ အဘူဘာခါဘဂဒါဒီဆိုသူတည်း။

ဘဂဒါဒီဆိုသူကား ဆီးရီးယားနှင့် အီရတ်နယ်မြေများကို ခြေကုပ်ပြုကာ နိုင်ငံထူထောင်လိုသော အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်ဖြစ်လေသည်။

၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာကို ကိုင်လှုပ်ခဲ့သော အစ္စလာမ့်နိုင်ငံတော် (အိုင်အက်စ်) အဖွဲ့၏ အကြီးအမှူးအဖြစ် ထင်ပေါ်လာသူမှာ ဘဂဒါဒီဖြစ်၏။

အယ်လ်ခိုင်ဒါအဖွဲ့၏ သင်းကွဲအုပ်စုတစ်ခုကို အခြေတည်ကာ နိုင်ငံတကာစစ်သွေးကြွအဖွဲ့တစ်ဖွဲ့အဖြစ် ထူထောင်ခဲ့သူလည်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးကို တုန်လှုပ်အောင် ပြုနိုင်စွမ်းရှိသူတစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားသူမှာ ဘဂဒါဒီဖြစ်သည်ဟု တိုင်းမ်သတင်းမဂ္ဂဇင်းကြီး၏ အယ်ဒီတာ မာစီမိုကာလာဘရီစီရေးက အကဲဖြတ် ပြောကြားလေသည်။

ဘဂဒါဒီဦးစီးကွပ်ကဲသည့် အိုင်အက်စ်အဖွဲ့သည်ကား ရက်စက်မှုအပေါင်း သရဖူဆောင်းသည့်အဖွဲ့အဖြစ် ကမ္ဘာကျော်ခဲ့ပြီး အကြမ်းဖက်မှုနယ်ပယ်အတွင်းသို့ ဇွတ်တိုး ဝင်ရောက်နေဆဲဖြစ်၏။ ဘာသာရေးအစွန်းရောက်အတွေးအခေါ်များက ညင်းပျောင်းသော လူသားဝါဒကို ညက်ညက်ချေလျက်ရှိ၏။

၂၀၁၅ ခုနှစ်အတွင်း အိုင်အက်စ်အဖွဲ့၏ လက်ချက်ဖြင့် အီရတ်နှင့် ဆီးရီးယားပြင်ပကမ္ဘာတစ်လွှားတွင် အပြစ်မဲ့ အရပ်သူ၊ အရပ်သား ၁၂၀၀ ကျော် သေဆုံးခဲ့ရလေသည်။

ဘဂဒါဒီသည် အီရတ်နိုင်ငံသားတစ်ဦးဖြစ်ပြီး ဘဂ္ဂဒက် အစ္စလာမ့်တက္ကသိုလ်မှ ပါရဂူဘွဲ့ ရရှိခဲ့သည်ဟု အဆိုရှိ၏။

### အန္တတ္တသညာပြုကြလိမ့်မည်

၂၀၁၅ ခုနှစ်အတွင်း အထူးခြားဆုံး ကမ္ဘာကျော်ပုဂ္ဂိုလ်များကို တိုင်းမ်သတင်းမဂ္ဂဇင်းကြီးက ရွေးချယ်ပေးခဲ့ပါပြီ။ ကမ္ဘာကျော်ပုဂ္ဂိုလ်များကို ရွေးချယ်ရာတွင် နိုင်ငံတကာသတင်းရှုခင်းအတွင်း ထင်ထင်လင်းလင်းဝင်ရောက်လာသူများထဲမှ ရွေးချယ်သည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

ရက်ကိုလစား၊ လကိုနှစ်စားရင်း တစ်နှစ်လွန်မြောက်ခဲ့ပါပြီ။ ၂၀၁၅ ခုနှစ် မကြာမီနိဂုံးကမ္ပတ်အဆုံးသတ်ပါတော့မည်။

ခေတ်ကာလရထား မည်သို့ပင် ဒုန်းပြေးခုတ်မောင်းနေစေကာမူ လူ့သဘာဝ၊ လူ့အတွေ့အကြုံ၊ လူ့ခံစားချက်နှင့် လူတို့တွေ့ကြုံရသည့် လောကဓံတရားများကား မပြောင်းမလဲ ဆက်လက်ရှိနေဦးမည်သာ ဖြစ်လေသည်။

အရေးကြီးလှသည်မှာ တစ်နှစ်ကုန်လျှင် မိမိဘဝ အတွေ့အကြုံမှ သင်ခန်းစာနှင့် အသိတရားများ ကောင်းစွာ ထုတ်ယူနိုင်ရန်ဖြစ်သည်။ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုး၊ အမှားနှင့်အမှန်၊ အတ္တနှင့်ပရ၊ ဓမ္မနှင့်အဓမ္မ ပိုင်းခြားဝေဖန် ချင့်တွက်တတ်ရပါလိမ့်မည်။

ကမ္ဘာကျော်သည်ဟု ဆိုရာတွင် ကောင်းသတင်းဖြင့် ကျော်ကြားခြင်း၊ ဆိုးသတင်းဖြင့် ကျော်ကြားခြင်းဟူ၍ နှစ်မျိုးရှိပေသည်။ ကောင်းသတင်းဖြင့် ကျော်ကြားသူကား ချီးမွမ်းလောက်သော ဂုဏ်ဒြပ်များနှင့်အတူ လောကကို အလှဆင်သူဟု ကျွန်ုပ်တို့ ခိုင်းနှိုင်းနိုင်ပေသည်။ ဆိုးသတင်းဖြင့် ကျော်ကြားသူကိုမူ ဆိုးညစ်ယုတ်မာမှုများနှင့်အတူ လောကကို ဖျက်ဆီးသူဟု အန္တတ္တသညာ ပြုကြပါလိမ့်မည်။

ကျွန်ုပ်အနေဖြင့်မူ ယခုအချိန်တွင် ဖတ်ရှုခဲ့လေဖူးသော ဗိုလ်ချုပ်ကြီးဒေါက်ကလပ် မက်အာသာ၏ ဆုတောင်းစာကို ပြန်ပြောင်းသတိရနေမိပါသည်။

ခရစ်ယာန်ဗိုလ်ချုပ်ကြီး မက်အာသာသည် စိတ်ဓာတ်ရေးရာ အရ ခြောက်ပစ်ကင်း သဲလဲစင်သည့်သား ရရှိရန် ဆုပန်ခဲ့ဖူးပါသည်။ မက်အာသာလိုချင်သော သားကား မိမိအားနည်းချက်ကို မိမိသိမြင်အောင် စိတ်ဓာတ်အင်အား ကောင်းသောသား၊ ရှုံးနိမ့်ချိန်တွင် ဦးမညွတ်စတမ်းမာန်ရှိသောသား၊ အောင်မြင်ချိန်တွင် နှိမ့်ချသော၊ နူးညံ့သော စိတ်ထားရှိသည့်သားရရှိရန် ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

အတတ်ပညာလည်း ပြည့်စုံ၊ စိတ်ဓာတ်လည်းမြင့်မားသည့် နိုင်ငံ့သားကောင်း၊ ကျောက်ကောင်းတစ်စေ့ဖြစ်ရန် ကျွန်ုပ်တို့ပြည်သူပြည်သားများ မျှော်မှန်းတောင့်တအပ်၏ဟု ကျွန်ုပ်တွေးတောမိလေသည်။

ဤတွင်ရွှေ့ကား အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ "အောင်မြင်ကြောင်းတရား" အဆုံးအမကို ကျွန်ုပ်မျှဝေလို၏။

### အောင်မြင်ကြောင်း တရား

**မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား။**
**ပြောပြတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင် ဉာဏ်ရှေ့သွား။**
**စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။**
**လုံ့လနှင့်ခွဲ၊ မလျှော့ဘဲ၊ အမြဲတင်းတင်းထား။**
**အရာရာတွင် အသုံးဝင် အောင်မြင်ကြောင်းတရား။**



ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ပြီး ဖြူအောင် စိတ်ကိုထားကြ မည် ဆိုလျှင်၊ ဉာဏ်ဦးစီး၍ လုပ်ကိုင်ကြပါလျှင်၊ လုံ့လဝီရိယ မလျှော့ကြ ပါလျှင် အဆင်းလှဆန်း လူ့ပေါက်ပန်း မဟုတ်မူ၍ အောင်မြင်မှု ရရှိသော လူသားများအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်ကြပေမည်တကား။ ။

ကြော်ငြာ

မြန်မာသဒ္ဒါကို ဝါစင်္ဂကိုးပါးဖြင့် ပထမဆုံး
တီထွင်ရေးသားထားသော အဆင့်မြင့်
# နည်းသစ်မြန်မာသဒ္ဒါ ၃
ဒုတိယအကြိမ် ထွက်ပြီ ၃၅၀၀ိ/-
ဦးသောင်းလွင်၊ ဘီအေ-ဓမ္မာစရိယဝဋ္ဋံသကာ
*နည်းသစ်အင်္ဂလိပ်သဒ္ဒါ *နည်းသစ်အင်္ဂလိပ်-မြန်မာအဘိဓာန် *မြန်မာအက္ခရာပေဒကျမ်း၊ ပြုပညာရှင်ရေးသည်။
ကျောင်းဆရာ-ကျောင်းသား၊-စာရေးဆရာ-သတင်းထောက်-အယ်ဒီတာများ လက်စွဲ
ရန်ကုန်-မန္တလေး စာအုပ်ဆိုင်များမှာ ရနိုင်ပါသည်။
နည်းသစ်စာပေ၊ ၂၂၈-ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

"နှစ်သစ်ကူးအထူးအစီအစဉ်"
အဆင့်မြင့် Air Con Express များဖြင့်
ရန်ကုန်-ချောင်းသာ
စနိုးသည် တစ်ဦးလျှင် 12,800Ks အား 10% Discount
ခုံလက်မှတ်များကို ဖုန်းဆက်၍ ကြိုတင်မှာယူနိုင်ပါသည်။ 09261492900

ပြည့်စုံရတနာ ကျိုက်ထီးရိုး/ချောင်းသာ-နေ့စဉ်
* ကျိုက်ထီးရိုး-နေပြည်တော် (စရိတ်ငြိမ်းတောင်တက်ကားပါ) Dec-12,19,24,26,31
* တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော၊ထန်းစခန်း(၄)ရက် Dec-11,18,24
* ပုဂံ၊အလိုတော်ပြည့်ဆုတောင်းပွဲ(၄)ရက် 45000.K Dec-24 "ကားအသုံးပြုသည်"
* Dec-24
* Dec-24
09-250269946,09-73159071,09-33997099

အမည်ပြောင်း
အဖ ဦးမျိုးမင်းသူရ၏သား ပြည်မြို့၊ ကျောင်းကြီးရပ်(မူလွန်) တတိယတန်း(B)မှ မောင်ခန့်နေထွန်းအား မောင်ကောင်းခန့်ကိုကို ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကောင်းခန့်ကိုကို

ရွှေချမ်းသာ ကျိုက်ထီးရိုး/ချောင်းသာ
ကျိုက်(၅)ကျိုက်(ကျိုက်ထီးဆောင်း၊ကျိုက်ပေါ်လောမ့်ရှင်၊ကျိုက်သလွံ၊ကျိုက်မရော၊ ကျိုက္ကမီ)စက်စက်မင်းခြေဇင်းကျိုက်ရေတံခွန်၊ကမာဝက်ဓါတ်တော်တိုက်၊နွားလဘိုတောင်၊ ဝင်းစိန်တောရ၊အလံတစ်ရာဘုရား၊မုဒုံကန်ကြီး၊သထုံရွှေစာရံ၊ဦးဇိနဘုရား၊ဦးခ္ဘုရား၊ (ဆိုင်ကျွေး တည်းခိုခန်းတည်း)( Dec 18, 24, 1 ) (၃၅၀၀၀ိ/-)
Ph:09425334456,09252606649,0949323965






BEAUTY DIARY
COMPANY LIMITED

COSMETICS & HEALTH CARE
SPECIALITY CHAIN STORE

# အလှကုန်နှင့်ဆေးဝါးထုတ်လုပ်တင်သွင်းရောင်းချသူများအားဖိတ်ခေါ်ခြင်း

Beauty Diary အလှကုန်နှင့်ဆေးဝါးရောင်းချမည့် အဆင့်မြင့် Chain Store ဆိုင်ကြီးများအား
မြန်မာနိုင်ငံအနှံ့အပြားရှိမြို့ကြီးများတွင် မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ပါသဖြင့်
အလှကုန်နှင့်ဆေးဝါးကို လာရောက်ရောင်းချလိုသူများအနေဖြင့်
အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ လာရောက်ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။
မကြာခင်တွင် (ပထမအုပ်စု) အဖြစ်ဖွင့်လှစ်မည့်
Beauty Diary Cosmetics & Health Care Speciality Store ဆိုင်များ၏တည်နေရာကို
အောက်တွင် ဖော်ပြအပ်ပါသည်။

- ဆရာစံလမ်း (ရွှေဆဲဗားသောက်ဆိုင်အနီး)
- ပြည်လမ်း (Novotel Hotel အနီး)
- လှိုင်လမ်း (A&Tတိုက် မျက်နှာချင်းဆိုင်)
- ရေကျော် (ဗိုလ်ချုပ်အောင်ဆန်းလမ်းမ)
- Diamond Plaza (မန္တလေး)
- လမ်း (၈၀) (မန္တလေး)
- Ocean Super Center (မုံရွာ)

Call Us :
01- 2306022, 2306032,
09- 781454546

ဆက်သွယ်ရန်လိပ်စာ - ၄၅၅/၂ ပြည်လမ်း (Novotel Hotel အနီး)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## တောင်ငူ အထက(၂)မြဲတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၂) အထက(အမျိုးသားကျောင်း)၏ (၂၄) ကြိမ်မြောက် မြဲတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်၊ (စနေနေ့)၊ နံနက် (၈)နာရီတွင် တောင်ငူ အထက(၂) ဆရာကွန်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ အောက်ပါကော်မတီများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးတင်မောင်လှ(ကျောင်းပရေးကော်မတီဥက္ကဋ္ဌ) ဖုန်း ၀၉-၂၅၃၂၆၇၅၈၆
[၇/တငန(နိုင်)၀၃၁၈၁၁]

၂။ ဦးကျော်အေး(ကျောင်းပရေးကော်မတီ၊ အတွင်းရေးမှူး) ဖုန်း ၀၉-၄၉၂၂၀၆၈၃
[၇/တငန(နိုင်)၀၃၁၈၃၃]

၃။ ဦးဝင်းအုန်း(ကျောင်းပရေးကော်မတီ ဘဏ္ဍာရေးမှူး) ဖုန်း ၀၉-၄၂၈၁၄၉၆၄၁
[၇/တငန(နိုင်)၀၁၃၀၂၁]

## ရေဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက(ခွဲ)ချင်းကုန်းကျောင်း ဆင္ဒမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

သူငယ်ချင်းတို့ရေ---

ချင်းကုန်းကျောင်းတွဲဖက် အလက ခေတ်ကတည်းက သင်ကြားခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် တွဲဖက်အထကခေတ် သင်ကြားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများကို ထိခြင်းငါးပါးနှင့် ကန်တော့ကြရင်း တို့သူငယ်ချင်းတွေ ပြန်ဆုံတွေ့ကြရအောင်။

ဘယ်ခုနှစ်မှာပဲ တို့ကျောင်းတော်ကြီးကပြီးပြီး၊ ဘယ်ခရီးဘယ်ဘဝဘယ်ဌာနမှာပဲနေနေ၊ ဘယ်အခြေအနေပဲရောက်ရောက် တို့တွေပြန်လည်ဆုံတွေ့ကြဖို့ လှိုက်လှဲပျူငှာစွာ ဖိတ်ကြားပါရစေ

နေ့ရက်။ ။ ၂၆-၁၂-၂၀၁၅ရက် (စနေနေ့)၊ (၁၃၇၇ခုနှစ်၊ နတ်တော်လပြည့်နေ့)
နေရာ။ ။ အထက(ခွဲ)ချင်းကုန်းကျောင်း

ဆက်သွယ်ရန်

ကိုနေဇော် ဖုန်း-၀၉-၄၉၇၄၆၇၅၃၊ ၀၉-၃၁၈၁၃၀၂၄
ကိုဇော်မင်းနိုင် ဖုန်း-၀၉-၄၉၇၄၆၄၅၉၊ ၀၉-၇၁၅၇၉၈၁၃
ကိုအောင်အောင် ဖုန်း-၀၉-၅၀၄၈၄၁၅၊ ၀၉-၇၃၀၃၃၉၂၃

## (၃၁)နှစ် ပြည့်

အမျိုးသမီး ရဲမေသင်တန်း အပတ်စဉ် ၂/၁၉၈၄ အမှတ်တရ မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းအားလုံး တွေ့ဆုံကြပါစို့။

အလှူငွေထည့်ဝင်လှူဒါန်းရန် တကက ခင်မမ[၆/လလန(နိုင်)၀၆၁၁၆၀]
Ph:09-73134865

ပုဇွန်တောင်ကမ္ဘောဇ မာမာစိုး[၁၂/ကတတ(နိုင်)၀၀၈၇၅၉]ဘဏ်သို့လည်းကောင်း၊
Ph: 09-254126277

♦ ကျင်းပမည့်နေရာ ကုန်းမြင့်သာယာစားတော်ဆက်
ကျင်းပမည့်အချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ
နေ့ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် (စနေနေ့)
♦ အမှတ်တရပစ္စည်းများ လဲလှယ်ရန် လက်ဆောင်တစ်ခု ယူခဲ့ကြပါရန်။

Win & San
Since 1983
Diamonds & Fine Jewelry

## Win & San Diamonds and Fine Jewelry

**(ဦးဝင်းနိုင်) + သုဓမ္မသိင်္ဂီဒေါ်စန်းစန်း**

Win & San Diamonds and Fine Jewelry မှ ဒီဇင်ဘာလနှစ်ဦးအကြို နှင့် Win & San စိန်တိုက်ပိုင်ရှင် သုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း၏မွေးနေ့ အထိမ်းအမှတ် အဖြစ်အထူး Promotion ပွဲအားအောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် HRD, GIA တစ်ပွင့်စိန်များ၊ ဖြူသန့်စိန်များနှင့် မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာများဖြင့်ပြုလုပ်ထားသည့် Thai နှင့် Hongkong ပန်းထိမ်ဆရာများ၏လက်ရာအသစ်အဆန်းများဖြင့်ဖန်တီးထားသောစိန်ထည်လက်ဝတ်ရတနာ (2016 Model Design) အသစ်အဆန်းများကိုအထူးလျှော့ဈေး (Discount 25% to 30%) ဖြင့် ရောင်းချပေးမည် ဖြစ်ပါသောကြောင့်လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းလေးစားစွာဖြင့်သတင်းကောင်းပါးဖိတ်ကြားအပ်ပါသည်။

***Promotion Date - 11/12/13 December '2015***

အမှတ်(၃၆/) အောင်မင်းခေါင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁-၅၀၂၉၇၇၊ ၀၁-၅၀၄၆၇၉၊ ၀၁-၇၀၉၉၃၃၊ ၀၉ ၃၁၄၇၁၄၉၅

MPT

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Mobile နံပါတ်အလှများ လေလံတင်ရောင်းချပွဲတွင် ပါဝင်ဆင်နွှဲခြင်းဖြင့် ပရဟိတလုပ်ငန်းများတွင် လှူဒါန်းနိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

- ကျင်းပမည့်နေ့ - ၁၉.၁၂.၂၀၁၅
- ကျင်းပမည့်နေရာ - Park Royal Hotel (Ball Room)
- ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ (နေ့လယ်စာ တည်ခင်းဧည့်ခံပါမည်။)
- ရောင်းချမည့်နံပါတ်များ - ၂x၇၇၇၇၇၇၇၊ ၂x၈၈၈၈၈၈၈၊ ၂x၉၉၉၉၉၉၉ စသည့် (၇)လုံးပူးနံပါတ်များ အပါအဝင် (၆)လုံးပူးနံပါတ်များ၊ (၅)လုံးပူးနံပါတ်များ စုစုပေါင်း (၁၂၆)လုံး (MPT Website တွင် နံပါတ်အပြည့်အစုံကို ဖော်ပြထားပါသည်။)
- ခန့်မှန်းကြမ်းခင်းဈေးနှုန်း - ကျပ် ငါးသိန်း မှ ကျပ် တစ်ဆယ့်ခုနစ်သိန်းငါးသောင်း အထိ

နံပါတ်အလှ ရောင်းရငွေများဖြင့် ပရဟိတလုပ်ငန်းအဖြစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၉၉)ကျောင်းတွင် Panasonic နေရောင်ခြည်သုံး မီးအိမ်များကို လှူဒါန်းသွားပါမည်။

ပရဟိတလုပ်ငန်းများမှာပါဝင်ဖို့ နံပါတ်အလှများ ဝယ်ယူကြပါစို့

- လေလံပွဲတွင်ပါဝင်နိုင်ရန် သင်၏ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဘဏ်စာရင်းအသေးစိတ် စသည့်အချက်အလက်များကို ၈-၁၂-၂၀၁၅ မှ စတင်က ၁၅-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ vanitynumbers@myanmaremc.com သို့ email ပေးပို့လျှောက်ထားနိုင်ပါသည်။
- လျှောက်လွှာများကို စိစစ်ပြီး ဖိတ်စာကို ၁၇-၁၂-၂၀၁၅ ရက်နေ့တွင် email ဖြင့်ပြန်လည်ပေးပို့ပါမည်။
- လေလံကျင်းပသည့်နေ့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဖိတ်စာကတ်များ ယူဆောင်လာရပါမည်။
- ကိုယ်စားဝင်ရောက်လေလံဆွဲမည့်သူများအနေနှင့် ကိုယ်စားလှယ်လွှဲစာ၊ ဖိတ်စာ၊ လေလံဆွဲခွင့်ရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုယူဆောင်လာရပါမည်။
- လေလံအောင်မြင်သူကို လေလံကျင်းပသည့်နေ့တွင် ငွေသွင်းချလန်များ ထုတ်ပေးမည်ဖြစ်ပြီး ၂၁-၁၂-၂၀၁၅ရက်နေ့မှ ၂၄-၁၂-၂၀၁၅ ရက်နေ့အတွင်း မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေပေးသွင်းရပါမည်။
- ငွေအကျေပေးချေပြီးပါက ငွေပေးသွင်းကြောင်း အထောက်အထားပြ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့တွင် ဆင်းမ်ကတ်များကို ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက www.mpt.com.mm www.facebook.com/mptofficialpage (သို့မဟုတ်) CALL CENTER 106 call free 24 hours everyday သို့ နေ့စဉ် ၂၄ နာရီခေါ်ဆိုနိုင်ပါသည်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးတင်မောင်စိုး(ဆရာရတနာစိုး)သည်

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး
သက်ရှိလောကတည်မြဲရေးအတွက်

## ဝါး

စာအုပ်ဖြင့် အမျိုးသားစာပေ (သုတပဒေသာအသုံးချသိပ္ပံ)ဆု ရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုးပြုစာပေများ ဆက်လက်ရေးသားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိသားစုများ
"ပီပီ"တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း
**Yadana Tint Co.,Ltd**
**Htoo** Mar & Pop Pop Co.,Ltd

Since 1986
KMD Institute
www.facebook.com/kmdedu.mm
Learning Partners :
NCC Education | University of Greenwich | Pearson | City & Guilds | SQA | Microsoft Official Learning Partner | LCCI

တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ နှင့် ကွန်ပျူတာသင်တန်း တက်ရောက်လိုသူများအတွက် တစ်နေရာတည်းမှာရွေးချယ် တက်ရောက်နိုင်သော အဆင့်မြင့် ကွန်ပျူတာသင်တန်းများ

ISO
IAS-ANZ

**နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့ နှင့် ဒီပလိုမာသင်တန်းများ**

- Level 4 and Level 5 Diploma in Computing (NCC Education - UK)
- Higher National Diploma (Scottish Qualifications Authority - SQA)
- B.Sc (Hons) Degree in Business Information Technology (University of Greenwich - UK)
- Diploma in IT System Support (City & Guilds - UK)
- LCCI Diploma (UK)

**ပညာရေးဝန်ကြီးဌာန နှင့် KMD Institute တို့ ပူးပေါင်းဖွင့်လှစ်သော ဒီပလိုမာသင်တန်းများ**

- Diploma in Information Technology (DIT)
- Diploma in Network Communication (DNC)
- Diploma in Business Information System (DBIS)
- Diploma in Web Development (DWD)

**ကွန်ပျူတာ ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများ**

- Certified in Network Engineering
- Cisco Certified Network Associate (CCNA)
- Mobile Repairing Courses (Hardware & Software)
- Microsoft Certified Solution Associate ( Server 2012 & SQL 2012)
- Certified in Telecommunication
- Certified in Software Engineering
- PHP, C# for Application & Web
- Mobile Programming

**လုပ်ငန်းခွင်သုံး ကွန်ပျူတာ သင်တန်းများ**

- i Office 2013
- Layout Design Course
- Graphic Design Course
- Effective Presentation with Power Point
- Autocad 2014
- Excel in Business Application
- MYOB/Computerised Accounting



Pansodan Campus: 174-182, Pansodan Road(Middle Block), Kyauktada Tsp., Ph: 01-241084, 534170
Myaynigone Campus: 331, Pyay Road, Myaynigone, Sanchaung Tsp., Yangon Ph: 01-527436, 534170

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် သင်တန်းများကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

HotLine : 09262600450


telenor
အမြဲရင်းနှီးချိတ်ဆက်
အကြီးမားဆုံး 3G ကွန်ရက်
3G
network
အကြီးမားဆုံး 3G ကွန်ရက်နဲ့
Ks
သင့်တင့်မျှတသောနှုန်းထား


ပရီမီယာကော်ဖီ(၁၀)နှစ်ပြည့် အထိမ်းအမှတ် ငွေသားကံစမ်းမဲပွဲတွင် ကျပ်၁၀သိန်းဆုကို
ဦးရွှေလှိုင် နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး မှ ပထမဦးဆုံးကံထူးသွားပါသည်။
ကျပ်၁၀သိန်း ကံထူးရှင်
PREMIER® COFFEE
ကျပ် သိန်း 1000
PREMIER® COFFEE
10 Year Anniversary PREMIER COFFEE
ကျပ်(10)သိန်းဆုမဲပေါင်းများစွာ နှင့်
ကျပ်သိန်း(100)ဆုမဲပေါင်းများစွာ...
ကျပ် သိန်း 1000
2 SACHETS FREE
ပေါက်မဲတွေကို တစ်ခါသောက် အထုပ်သေးထဲမှာ ရိုက်နှိပ်ထားပါသည်။ပရီမီယာဖျော်သောက်ရင်
မမေ့နဲ့ ရှော့
HOT LINE :
09 7322 1967, 09 7312 1619
ပရီမီယာကော်ဖီ၏ (၁၀)နှစ်ပြည့် အထူးကံစမ်းမဲ (၁၆-၁၁-၂၀၁၅) မှ (၂၉-၂-၂၀၁၆) အထိ
ကံစမ်းမဲလဲလှယ်ရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ
www.facebook.com/premiercoffeemm
အိတ်ခွံလဲလှယ်ပေးသော အရောင်းဆိုင်များမှ Free Drink အိတ်ခွံ (3)ခုလျှင် တစ်ခါသောက် အထုပ်သေး (1)ထုပ်ဖြင့် ပြန်လည် လဲလှယ်ရယူနိုင်ပါသည်။

# ကြော်ငြာ

## အင်းလေးချစ်သူ (Travels & Tours)

### အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| အလောင်းတော်ကဿပ၊ မန္တလေး၊ မုံရွာ၊ ဗိုဝင်တောင်၊ ရွှေဘတောင်၊ စစ်ကိုင်း၊ အင်းဝ | (Jan-1) | 85,000/- |
| မန္တလေး၊ ပြင်ဦးလွင် (ပန်းပွဲတော်)၊ စစ်ကိုင်း၊ အင်းဝ | (Dec-24) | 85,000/- |
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်ဖမ်း၊ ကကူ | (Jan-1) | 135,000/- |
| ပုဂံ၊ စွယ်တော်လေးဆူ၊ ပြည်၊ မြစ်ကြည်၊ ပုပ္ပါး၊ ပခုက္ကူ | (Dec-24/Jan-1) | 125,000/- |
| လွိုင်ကော်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်ဖမ်း၊ ကကူ | (Dec-24) | 175,000/- |
| ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန် | (Dec-24) | 110,000/- |

Ph : 09 979252121,09 421030814,09 979252020,09 979252424

## ခါကာဘိုရာဇီ ကားမျိုးစုံငှားရမ်းသည်၊ အထူးလျှော့စျေး

| | |
|---|---|
| ➢ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ဖမ်းလိုဏ်ဂူ<br>➢ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး (အပတ်စဉ်(သောကြာ)) | 0973257853 |
| ➢ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) (စား/တည်းခိုမ်း–၃၀၀၀၀ိ/–)<br>➢ ငွေဆောင်(စား/တည်းခိုမ်း– ၂ ညအိပ်၊ ၃ရက်– ၅၀၀၀၀ိ/–) | 09440023997<br>0943160345 |

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ ကျွန်းပင်သာကျေးရွာအုပ်စု၊ စံပါရီကျေးရွာနေ မောင်ကီဆန်း၏ဖခင် အမည်မှန်မှာ ဦးဒေဝါရတ်[၁/မကတ(နိုင်)၀၂၂၅၈၃]ဖြစ်ပါသည်။

## ဝန်ထမ်းအမြန်အလိုရှိသည်

Electrical စာတွေ့၊ လက်တွေ့ သင်ကြားပေးနိုင်သော ကျွမ်းကျင်ဆရာကျား(၂) ဦးအလိုရှိသည်။

Ph: (09) 73020803, 420313719

## မီး သတိပြု







## အသိပေးကြေညာချက်

ကျွန်တော်များ ပါတနာကာဂိုဆားဗစ်ကုမ္ပဏီလီမိတက်(Partner Cargo Service Co.,Ltd.)မှ ကုမ္ပဏီကတ်မူရင်း ပျောက်ဆုံးသွားကြောင်း အသိပေးကြေညာအပ်ပါသည်။

## အမည်မှန်

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက် နယ်မြေ(၆)၊ အိမ်အမှတ်(၁၀၉)နေ ဒေါ်သီတာမြင့်[၁/မကန(နိုင်)၀၂၁ ၃၉၇]၏ အမည်မှန်မှာ ဒေါ်မြင့်သီတာ ဖြစ်ပါသည်။

## မောင်နှမအဖြစ်မှသက်ဆိုင်ပါကြောင်း

မောင်သန်းထိုက်[၁၂/ဥကမ(နိုင်)၀၀၀၄၄၃] သည် မောင်နှမများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မောင်နှမများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်သန်းမွေး
[၁၂/ဥကမ(နိုင်)၀၀၉၃၂၇]






## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာကိုကိုဦး**

**ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**အသက်(၅၄)နှစ်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး အသက်(၅၄)နှစ်သည် ၉-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းထွန်း-ဒေါက်တာတင်တင်မြင့်(တွဲဖက်ပါမောက္ခ၊ MTU)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာခင်မောင်ညွန့် (ပါမောက္ခချုပ်-ငြိမ်း)**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**အသက်(၈၅)နှစ်**

ဆရာကြီးဒေါက်တာခင်မောင်ညွန့် (ပါမောက္ခချုပ်၊ ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) သည် ၁၁-၁၂-၂၀၁၅ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၇-၉၁-၉၂-၉၃ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရ**
**ကျောင်းသား/သူများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြညို**

**အသက်(၇၅)နှစ်**

ဗိုလ်မှူးမိုးဟိန်းတင်(ငြိမ်း)-ဒေါ်မြသီတာတို့၏ ဖခင် ဦးမြညိုသည် ၈-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ယုဇနကွန်ဒိုမိသားစု**
**အနောက်ရွှေဂုံတိုင်-ဗဟန်းမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာကိုကိုဦး**

**ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**အသက် (၅၄)နှစ်**

ဒေါက်တာသိင်္ဂီကျော်(ညွှန်ကြားရေးမှူး၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၏ ချစ်လှစွာ သောခင်ပွန်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး အသက် (၅၄)နှစ်သည် ၉-၁၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့် ဒေါက်တာအေးအေးမြင့်**
**Kyaw Thar Engineering & Construction Group Co., Ltd.**

## ဆရာကြီး ဦးလှိုင် (M.S) USA

**ကာယပညာဌာနမှူး(ငြိမ်း) ရန်ကုန်ပညာရေးတက္ကသိုလ်**

၁၃-၁၂-၂၀၁၅ (တနင်္ဂနွေနေ့)သာကေတ (၁၀၈)တောင် ဘုရားဝင်း၊ အတွင်းပတ္တမြား ပရိယတ္တိစာသင်တိုက်၌ ဆရာကြီး၏ ဆန္ဒအတိုင်း အသက်(၉၀)ပြည့်နေ့တွင် သံဃာအပါး(၉၀)အား သင်္ကန်းအစုံ(၉၀)၊ ဝတ္ထုပစ္စည်းတို့ လှူဒါန်း၍ ဆွမ်းသွတ်ခဲ့ပါသည်။ ကောင်းမှုန်သောဘုံဘဝမှ ဆရာကြီး ဦးလှိုင် သာဓုခေါ်ပါရန်။

**ရန်ကုန်ပညာရေးတက္ကသိုလ်ဆင်း ချစ်တပည့်ဟောင်းများ**

## လွမ်းဆွတ်သတိရခြင်း

**ဒေါ်မြင့်မြင့်ဌေး(ခ)မဌေး(ခ)မာမား အသက်(၆၀)**

**မေသရဖူဗိုက်ဖုံးဂါဝန် မင်္ဂလာဈေး(မော်လမြိုင်)**

မိသားစုကိုထားရစ်သွားခဲ့တာ (၁၃-၁၁-၂၀၁၅ - ၁၃-၁၂-၂၀၁၅) (၁)လပြည့်ပါပြီ။ ခွဲခွာသွားတာ အရမ်းကိုစောနေပါတယ်။ နေ့စဉ်နဲ့အမျှ မာမားရဲ့ရုပ်ပုံ၊ မာမားရဲ့အသံလေးတွေကို စက္ကန့်နဲ့အမျှ ကြားယောင်ဆဲမြင်ယောင်ဆဲထာဝရပါ။

ဘဝဆက်တိုင်း မိသားစုအဖြစ်နဲ့ ပြန်လည်ဆုံတွေ့ခွင့်ရပါစေ။

နေ့စဉ်ထာဝရ ပါပါးနှင့်သားသမီးတို့လှူဒါန်းခဲ့သမျှ ကုသိုလ်ကောင်းမှုအဝဝအား သာဓုခေါ်ဆိုရင်း မြင့်မြတ်သောဘုံဘဝမှ တစ်ဆင့်ပြီးတစ်ဆင့် မြင့်သထက်မြင့်အောင် တက်လှမ်းနိုင်ပါစေရန် အမျှပေးဝေပါသည်။

**မာမားချစ်သော ပါပါးနှင့်သားသမီးမြေးတစ်စု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တစန္ဒိမာ**

**သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၄)နှစ်**

**မဟာဓမ္မကထိက ဗဟုဇနဟိတဓရ (ဆီဆုံလေးဆရာတော်)**

**သီရိမင်္ဂလာရန်အောင်ကျောင်းတိုက်**

**ဆီဆုံလေးကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ဆီဆုံလေးကျေးရွာ သီရိမင်္ဂလာရန်အောင်ကျောင်းတိုက်၏ ပဓာနနာယကဖြစ်တော်မူသော မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ နိုင်ငံကျော်ဓမ္မကထိကဆီဆုံလေးဆရာတော် ဘဒ္ဒန္တစန္ဒိမာ သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၄) နှစ်သည် (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) ၈-၁၂-၂၀၁၅(အင်္ဂါနေ့) ည ၇း၁၅နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆရာတော်၏ တပည့် သံဃာတော်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(၁၃၇၇ခုနှစ်၊ နတ်တော်လဆန်း၈ရက်) ၁၉-၁၂-၂၀၁၅(စနေနေ့)တွင် နိဗ္ဗာန်ကျောင်းချပါမည်။ (ဈာပနပွဲတော်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

**ရေတင်ကြီးကျောင်း ဆရာတော်၊ ရန်ကုန်ဆရာတော်နှင့်**
**ဆီဆုံလေးရွာတပည့်ဒါယကာ၊ ဒါယိကာမများ**

## အထူးကျေးဇူးတင်ရှိခြင်း

၄-၁၂-၂၀၁၅ ရက် နံနက် ၃း၂၀ နာရီတွင် ကွယ်လွန်သွားသော မိခင်ကြီးဒေါ်ကြင်ထွေး၊ အသက်(၇၆)နှစ် (မူလတန်းပြ-ငြိမ်း၊ အထက-၂၊ တောင်ကြီး)၏ နာရေးနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာယူရာတွင် မေတ္တာဖြင့် အားပေးနှစ်သိမ့်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဝန်ထမ်းများ၊ နာရေးအစမှ အဆုံး ကူညီပေးခဲ့သော အမျိုးသားပြတိုက်(ရန်ကုန်)မှ ဝန်ထမ်းများ၊ နာရေးပို့ဆောင်ရာတွင် ယာဉ်အကူအညီပေးခဲ့သော "လုမ္ဗိနီ" အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ရက်လည်ဆွမ်းကျွေးအလှူအတွက် မေတ္တာဖြင့် ကူညီချက်ပြုတ်ပေးခဲ့သော "နန်းထိုက်" ရှမ်းခေါက်ဆွဲဆိုင်၊ ရက်လည်ဆွမ်းကျွေးတရားတော်နာအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ သွေးသောက်ကြေး၊ သင်္ကန်းပရိက္ခရာများ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့လှူဒါန်းကုသိုလ်ပါဝင်ကြသူများ၊ မေတ္တာရှေ့ထားဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ၊ တယ်လီဖုန်း၊ e-mail လူမှုကွန်ရက်ဆက်သွယ်ရေး စာမျက်နှာများတွင် ဝမ်းနည်းကြောင်း ဖော်ပြနှစ်သိမ့် အားပေးကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမောင်နှမ မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်များနှင့် အခြား ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင် လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးတင်ထွန်းမောင် (Eddie Ba Maung)**

**အသက်(၈၃)နှစ်**

**B.Sc (Eng) E.E.S.R (ငြိမ်း)**

**အမှတ်(၁)၊ ရေနံချက်စက်ရုံ၊ သန်လျင်**

၂၉-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ဝ၀း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားသော အနန္တကျေးဇူးရှင် ဖခင်ကြီး ဦးတင်ထွန်းမောင် နာမကျန်းဖြစ်စဉ်က ဂရုစိုက်ပြုစုစောင့်ရှောက်ပေးသော ချမ်းမြေ့မေတ္တာဆေးရုံ(သန်လျင်)မှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြု ဆရာမများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှအပင်ပန်းခံ၍ ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ပေးကြသော ပြုစုပေးကြသောသူများအားလည်းကောင်း၊ စာနာမှုဖြင့် လွမ်းသူ့ပန်းခြင်းပေးပို့ခြင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ လူမှုဆက်သွယ်ရေး စာမျက်နှာများနှင့် သတင်းစာများမှ ဝမ်းနည်းကြောင်းဖော်ပြနှစ်သိမ့် အားပေး ကြပါသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့်ဇနီး ဒေါ်စန်းစန်းလွင်၊ စက်မှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမိုးနှင့်ဇနီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) ဒေါက်တာဖေသက်ခင်နှင့်ဇနီး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဒေါက်တာသန်းဇော်မြင့်နှင့်ဇနီး၊ MICS ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးရဲထွန်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူး (ငြိမ်း)များနှင့် ဇနီးများ၊ ဖခင်ကြီးနှင့် လုပ်ဖော် ကိုင်ဖက်များဖြစ်ကြသော PIC ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးနှင့် အရာထမ်း အမှုထမ်းများ၊ နှင်းဝတ်ရည်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မိသားစု၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် မြို့နယ်အဆင့် လူကြီးများ၊ အမကသောက်တော်တွင်း(သန်လျင်မြို့)၊ မြို့မိမြို့ဖများနှင့် အမိုးနီသုသာန်ကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့အစည်း အသင်းအဖွဲ့များ၊ မိတ်ဆွေကုမ္ပဏီများ၊ "ဇော်ထက်ပိုင်"နှင့် "စိန်ရွှေထိပ်တန်း" ကုမ္ပဏီ ရုံးချုပ်ဝန်ထမ်းများ၊ စီမံကိန်းများမှ PD/PM နှင့်ဝန်ထမ်းများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ၁-၁၂-၂၀၁၅ ရက်တွင် သန်လျင်မြို့၊ ကျိုးပင်လမ်း မြန်မာနှစ်ချင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ လိုက်ပါပို့ဆောင်ပြီး ကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော သန်လျင်မြို့ နာရေးကူညီမှုအသင်း၊ မြို့မိမြို့ဖများနှင့် အမိုးနီသုသာန်ကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ၊ နေ့စဉ်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်တွင် ပါဝင်ပေးခဲ့သော ညီအစ်ကိုမောင်နှမများ၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ လူငယ်များနှင့် အခြားသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာကိုကိုဦး**

**ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်တင်တင်ခိုင်တို့၏သား၊ ပါမောက္ခဦးကျော်ထင်-(ဒေါ်ခင်ခင်ငယ်)တို့၏သားသမက်၊ ဒေါက်တာသိင်္ဂီကျော်(ညွှန်ကြားရေးမှူး၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မသိင်္ဂီကိုကို(ခ)ယုခိ (Year 10-3 MIS Yangon)၏ချစ်လှစွာသောဖခင်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုဦးသည် ၉-၁၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Htoo Construction Development Group Co.,Ltd

## အထူးဝမ်းနည်းကြေကွဲခြင်း

**သခင်တင်ဦး (ဗိုလ်သခင်ဆရာ)**

လုပ်ဖော်ကိုင်ဖက်ဖြစ်သော ဦးဆုတင်၏ ဖခင်ဖြစ်သူ သခင်တင်ဦး(ဗိုလ်သခင်ဆရာ) အသက်(၉၄)နှစ်သည် ၁၀-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ယူတိုးပီးယား တာဝါ**
**BOD မိသားစုနှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြမြသန်း**

**(ရွှေဥဩရုပ်ရှင်)**

**အသက်(၆၉)နှစ်**

ဒေါက်တာဒေါ်သီတာအောင်(အဆုတ်နှင့်အထွေထွေရောဂါအထူးကုဆရာဝန်ကြီး)၏ မိခင် ဒေါ်မြမြသန်း(ရွှေဥဩရုပ်ရှင်)သည် ၉-၁၂-၂၀၁၅ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

ကြေးမုံ
ဒီဇင်ဘာ ၁၃၊ ၂၀၁၅
Hot Line No-0930500100

# ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ် ဆောက်လုပ်မှု ၄၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန်  ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံအတွင်းရှိ ကျန်းမာရေးချို့တဲ့ကြသော လူနာအများစုအားကိုးရာဖြစ်သည့် ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း၌ ၁၂ ထပ်ဆောင်ရှိ ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ်ကို ငွေကျပ် သန်းပေါင်း ၁၀၆၆၀ အကုန်ကျခံ ဆောက်လုပ်လျက်ရှိရာ ယခုအခါ အဆောက်အအုံဆောက်လုပ်မှု ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ်မှာ အနော်ရထာလမ်းမဘက်ခြမ်းရှိ ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း၌ ဆောက်လုပ်နေခြင်းဖြစ်ပြီး အလျား ပေ ၃၅၀နှင့်အနံ ၇၅ ပေရှိ မြေဧရိယာပေါ်တွင် တော်ဝင်မိသားစုကုမ္ပဏီလီမိတက်က ဆောက်လုပ်လျက်ရှိသည်။ ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ်အတွင်း အဆင့်မြင့်ခေတ်မီဓာတ်လှေကား ငါးစင်းပါဝင်မည်ဖြစ်ပြီး Pioneer ဒီဇိုင်းလုပ်ငန်းမှ Structure ဒီဇိုင်းရေးဆွဲဆောက်လုပ်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့



ရန်ကုန်အထွေထွေရောဂါကုတိုးချဲ့ဆေးရုံသစ် ပြီးစီးလျှင် တွေ့မြင်ရမည့်ပုံစံ။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား ၂၀၂၀ ခုနှစ်အတွင်း ထိပ်တန်းအဆင့်နိုင်ငံအဖြစ် ခန့်မှန်း စာမျက်နှာ - ၂

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအတွက် အသက်မွေးမှုပညာရပ်များနှင့် နိုင်ငံ့ဝန်ထမ်းများ ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ စာမျက်နှာ - ၃




## အာဖရိက တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ယာယာတိုရေးဆွတ်ခူး

ယာယာတိုရေးသည် ဘီဘီစီမှ ပြုလုပ်သည့် ၂၀၁၅အာဖရိက တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။အသက်(၃၂)နှစ်အရွယ်ရှိ တိုရေးသည် နိုင်ဂျီးရီးယားကစားသမားများဖြစ်သော ဂျေဂျေအိုကိုချာနှင့် ကနူးတို့ပြီးနောက် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု နှစ်ကြိမ်ဆွတ်ခူးနိုင်သော တတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့

## အိန္ဒိယ-မြန်မာ-ထိုင်း ခရီးသည်နှင့် ကုန်စည်များ သယ်ဆောင်သွားလာမှုအတွက် လမ်းကြောင်းကြည့်စမ်းသပ်မောင်းနှင်

**နေပြည်တော်  ဒီဇင်ဘာ ၁၂**

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်း ခရီးသည်နှင့် ကုန်စည်များအား မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှု သဘောတူစာချုပ်ဆိုင်ရာ စမ်းသပ်မောင်းနှင်မှု (Trail Run)ချစ်ကြည်ရေးခရီးစဉ်အဖွဲ့များသည် အိန္ဒိယနိုင်ငံဘက်မှ မော်တော်ယာဉ်များဖြင့် ဒီဇင်ဘာ ၉ ရက်က အင်ဖာ-မိုရေး-တမူး-ကျီးကုန်း-ကလေးဝ-မြို့မ-လပို့-ယာကြီး-ချောင်းမ-ယင်းမာပင်-ပုလဲ-ကျားတက်-လင်းကတော-ပခုက္ကူ-ပုဂံ(ညောင်ဦး)-ကျောက်ပန်းတောင်း-သီးကုန်းမှတစ်ဆင့် နေပြည်တော်သို့ လမ်းကြောင်းကြည့် စမ်းသပ်မောင်းနှင်လာရာ ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းက ရောက်ရှိကြသည်။

မြန်မာနိုင်ငံသားများ အိန္ဒိယနိုင်ငံဘက်သို့ လမ်းကြောင်းကြည့် စမ်းသပ်မောင်းနှင်မည့် လူပုဂ္ဂိုလ် ၃၂ ဦးနှင့် မော်တော်ယာဉ်ရှစ်စီးအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်မှစတင်ပြီး နေပြည်တော်-တမူးမှတစ်ဆင့် အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ ဒီဇင်ဘာ ၁၃ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံသားများ ထိုင်းနိုင်ငံဘက်သို့ လမ်းကြောင်းကြည့် စမ်းသပ်မောင်းနှင်မည့် လူပုဂ္ဂိုလ် ၇၄ ဦးနှင့် မော်တော်ယာဉ် ၁၉ စီးအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်မှစတင်ပြီး နေပြည်တော်-မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံ ပစ္စနလော့သို့ ဒီဇင်ဘာ ၁၃ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်း ခရီးသည်နှင့် ကုန်စည်များအား မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှု သဘောတူစာချုပ်နှင့်သက်ဆိုင်သည့် ညှိနှိုင်းအစည်းအဝေးများကို အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၌ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

(ကြေးမုံ)

themirror.npt@gmail.com
www.facebook.com/themirrordaily



